# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ်(၀၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှု စသော ရေရှည်အကျိုးစီးပွားများကို ရည်မျှော်၍ အာဆီယံပဋိညာဉ်စာတမ်းပါ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်

### သတင်းထုတ်ပြန်ချက်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေးကို ၁၅-၁၀-၂၀၂၁ ရက်နေ့တွင်ကျင်းပခဲ့ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံသည် အဆိုပါ အစည်းအဝေးနှင့် ပတ်သက်၍ ကြေညာချက်ကို ၁၆-၁၀-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂)သည် ၁၈-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့လည်းကောင်း၊ ၁၉-၁၀-၂၀၂၁ ရက်နေ့တွင် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာဘက်သို့ သံတမန်လမ်းကြောင်းမှ လည်းကောင်း၊ ၁၅-၁၀-၂၀၂၁ ရက်နေ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးတွင် သဘောတူဆုံးဖြတ်ခဲ့သည့်ကိစ္စကို ဖော်ပြပြီးနောက် ၂၆-၁၀-၂၀၂၁ ရက်နေ့မှ ၂၈-၁၀-၂၀၂၁ ရက်နေ့အထိကျင်းပမည့် (၃၈)ကြိမ်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူကို အဆိုပါ အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း မြန်မာဘက်သို့ အသိပေးလာပါသည်။

၁၅-၁၀-၂၀၂၁ ရက်နေ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေး

*စာမျက်နှာ ၄ ကော်လံ ၁* ❐


**ယနေ့ ဖတ်စရာ**

**မွန်တို့ဌာနီ ကျိုက်ထီးရိုးဘုရားဖူးမည်**

ဆောင်းပါး | စာ - ၆



**အင်းလေးကန်နှင့် အင်းတော်ကြီးကန်အား ဇီဝအဝန်းနယ်မြေနှစ်ခုအဖြစ် ယူနက်စကို အသိအမှတ်ပြု**

ပြည်တွင်းသတင်း | စာ - ၁၀

**သက်တမ်း ၁၅၄ နှစ်ရှိပြီဖြစ်သော မဟာမင်းလှကျော်ထင် ခေါင်းလောင်းတော်**

ဆောင်းပါး | စာ - ၂၀


## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူသော Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသန်း ပဉ္စမအသုတ်ရောက်ရှိ မှာယူထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၄ သန်းအနက် ကာကွယ်ဆေး စုစုပေါင်း သန်း ၂၀ ရောက်ရှိပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Sinopharm ကုမ္ပဏီမှဝယ်ယူသော Sinopharm (BIBP) ကိုဗစ် - ၁၉ ကာကွယ်ဆေး လေးသန်း (5 doses per Vial ထုပ်ပိုးမှုပုံစံ) ဆေးအလုံးရေရှစ်သိန်းတင်ဆောင်လာသော Air China လေကြောင်းလိုင်း A 332 အမျိုးအစား လေကြောင်းပျံသန်းအမှတ် CA 589 လေယာဉ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့မှ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပဉ္စမအသုတ်အဖြစ် ရောက်ရှိလာကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ တရုတ်လေကြောင်းလိုင်း Air China လေယာဉ်ဖြင့် ရောက်ရှိလာသော Sinopharm ကိုဗစ်- ၁၉ ကာကွယ်ဆေးများအား ကျန်းမာရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❖



# ဆေးလိပ်၊ ဆေးရွက်ကြီးရှောင်ကာ ကျန်းမာသက်ရှည်ကြစေကြောင်း

မြန်မာနိုင်ငံတွင် ယမန်နေ့ကအထိ ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာ ၄၉၂၅၁၉ ဦး ရှိခဲ့ပြီး ပိုးတွေ့သေဆုံးလူနာဦးရေ ၁၈၄၉၁ ဦး ရှိခဲ့သည်။ ၎င်းအရေအတွက်များမှာ မြန်မာနိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါ စတင်တွေ့ရှိခဲ့ရသည့်နေ့မှ ယမန်နေ့ (အောက်တိုဘာ ၂၂ ရက်၊ ည ၈ : ၀၀ နာရီ)အထိဖြစ်သည်။ ကိုဗစ်- ၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် နေ့စဉ်နှင့်အမျှ သတင်းအချက်အလက်များရရှိနေသည့်အတွက် သိရှိသတိပြုမိနေကြသော်လည်း နှစ်စဉ်သေဆုံးမှုနှုန်းအားဖြင့် ကိုဗစ်- ၁၉ ကပ်ရောဂါထက် များစွာပိုမိုပြီး ကိုဗစ်- ၁၉ ထက် ပိုမိုကြောက်မက်ဖွယ်ကောင်းသည့် ကျန်းမာရေးပြဿနာတစ်ခုကိုမူ အမှတ်တမဲ့နှင့် သတိမပြုမိဘဲရှိနေကြသည်။

၎င်းကျန်းမာရေးပြဿနာဆိုသည်မှာ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ ကူးစက်ရောဂါထက်ပို၍ လူအများ၏အသက်ကို ဆုံးရှုံးစေနိုင်သော မကူးစက်နိုင်သောရောဂါ (Non- Communicable Diseases) ကိုဆိုလိုသည်။ ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်း၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ရောဂါများသည် မကူးစက်နိုင်သောရောဂါများဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင်ရော မြန်မာနိုင်ငံ၌ပါ ကူးစက်ရောဂါထက် လူများ၏အသက်ကို သေစေနေသည်ဟု သိရသည်။ မကူးစက်နိုင်သောရောဂါများသည် လူတို့၏ အပြုအမူ၊ နေထိုင်စားသောက်မှုပုံစံများ ကျန်းမာရေးနှင့် မညီညွတ်ခြင်းကို အရင်းခံ၍ဖြစ်ပေါ်လာသည်။ တစ်နည်းအားဖြင့် ကျန်းမာရေးနှင့်ညီညွတ်အောင် ပြုမူနေထိုင်စားသောက်ခြင်းမရှိဘဲ ကာလကြာရှည် နေထိုင်လာခဲ့ခြင်းကြောင့် ဖြစ်သည်။ အဓိကအားဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ သန့်ရှင်းပြီး စိတ်ချရသော ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ စားသုံးနိုင်မှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့ကြောင့် ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ နှလုံးအပါအဝင် မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က ဆေးရုံတက်လူနာ သေဆုံးမှု၏ ၄၅ ရာခိုင်နှုန်းမှာ မကူးစက်နိုင်သော ရောဂါကြောင့် သေဆုံးခဲ့ပြီး နှစ်စဉ် သေဆုံးမှုနှုန်း မြင့်မားလာခဲ့ရာ ၆၅ ရာခိုင်နှုန်းကျော် ၇၅ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့ကြောင်း ကျန်းမာရေးပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ နိုင်ငံတော်၏ အသုံးစရိတ်များသည်လည်း အထက်တွင် ဖော်ပြခဲ့သည့် ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ နှလုံးစသည့် ရောဂါဝေဒနာရှင်များအတွက် ရောဂါရှာဖွေရခြင်း၊ ကုသရခြင်းနှင့် ဆေးနှင့် စက်ကိရိယာပစ္စည်းများအတွက် ကျပ်ငွေသန်းထောင်ပေါင်းများစွာ ကုန်ကျခံသုံးစွဲခဲ့ရပြီး လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အရွယ်ကောင်းများ၏ လုပ်အားဆုံးပါးမှုကြောင့် ကျပ်ငွေထရီလီယံနှင့်ချီ၍ နိုင်ငံအတွက် သွယ်ဝိုက်ဆုံးရှုံးခဲ့ရကြောင်း စစ်တမ်းများအရ သိရသည်။ မြန်မာနိုင်ငံတွင် အရွယ်ရောက်လူဦးရေ ထက်ဝက်ကျော်က ဆေးလိပ်နှင့်ဆေးရွက်ကြီးကို သုံးစွဲနေကြရာ အဓိကကျန်းမာရေးပြဿနာဟုဆိုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးတို့ကို ထိခိုက်စေသည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် လူတိုင်းက အလေးအနက်ဆင်ခြင်ကြရန်လိုအပ်သည်။

မြန်မာတို့က ကွမ်းစားဆေး(လိပ်)သောက်သည့် အပြုအမူကို အလွယ်တကူ ပေါ့ပေါ့ပါးပါးအဖြစ် သဘောထားကြသည်။ မိမိအတွက်၊ နိုင်ငံအတွက် အကျိုးယုတ်လျော့ထိခိုက်စေသည်ဟု မယုံကြည်ကြသလို သုံးစွဲမိပါကလည်း ရှောင်ကြဉ်လိုခြင်းမရှိကြ။ မြို့ ရွာ ရပ်ကွက် ကျေးလက်မကျန် နေရာတိုင်းတွင် ဆေးလိပ်ကွမ်းယာဆိုင်ကြီး ဆိုင်ငယ်များစွာ မရေမတွက်နိုင်အောင် ရောင်းသူများသလောက် စားသုံးအားလည်း ကောင်းကြသည်။ ရလဒ်အားဖြင့် နှစ်စဉ်လူ ၆၄၀၀၀ ခန့်ရောဂါဖြစ် သေဆုံးနေကြရပြီး နိုင်ငံ့ဘဏ္ဍာလည်း ဘီလီယံများစွာ ထိခိုက်ဆုံးရှုံးလျက်ရှိရာ ကိုယ့်ကျန်းမာရေး ကိုယ်တိုင်စောင့်ရှောက်ကြပြီး ကိုယ့်အသက်ကိုယ် မွေးမြူကြခြင်းဖြင့် ကိုယ်တိုင်လည်း သက်ရှည်ကျန်းမာ၊ နိုင်ငံ့ဝန်ထုပ်ဝန်ပိုးကိုလည်း လျော့ပါးနိုင်ကြပါစေကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၂၂ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီလေးခုမှ Cetirizine Hydro- chlordie Tablet ၄၈၇၂ ခု၊ R Ziric Tablet ၉၇၂ ခု၊ Pantop Razole Injection ၁၀၀၀၀ ၊ Enoxatil Injection ၁၅၀၀၀ ၊ Detection Kit For Covid-19 ၁၀၅ ခု။

ရန်ကုန်ဆိပ်ကမ်းများမှ Respirator ၁၀၃၂၀၊ Diagnostic Ultra Sound System တစ် ခု၊ Blood Pressure Monitor ၅၇၂၀၊ Spare Part Oxygen Booster Pump တစ်ခု၊ Oxygen Plant လေးခုနှင့် ဆေးမျိုးစုံ ၃၆ မျိုး ၇၇၁၀၀.၄၆ Kg ။

နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီနှစ်ခုတို့မှ Gloves ၇၉၈၁ Kg ၊ Shoe Cover ၃၀၀ Kg ၊ Surgical Gown ၁၃၀၀၀ ခု၊ Disposable Face Mask ၃၀၀၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၂-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antiviral | | | | |
| 1 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 2 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 3 | Injection Enoxaprim 40 mg | 1 Pre- Filled Syringe | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 1 Pre- Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 5 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 6 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 7 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 9 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 10 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဝယ်လိုအားကြောင့် စမုံစပါးနှင့် စမုံနက်သီးနှံများ ဈေးကောင်းရ

**မန္တလေး အောက်တိုဘာ ၂၂**

ယခုရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြန်မာ့လယ်ယာထွက်ကုန် စမုံစပါးနှင့် စမုံနက်သီးနှံများ ပေါ်ဦးပေါ်ဖျား မူလပေါက်ဈေးထက် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ် သွက်လက် မြန်ဆန်နေကြောင်း သိရသည်။

စမုံစပါးဈေးနှုန်းမှာ မူလက တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ နှုန်းသာရှိခဲ့ရာမှ ယခုရက်ပိုင်းအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ နှုန်းသို့ မြင့်တက်ခဲ့ပြီး စမုံနက်မှာ မူလက တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်းမှ ယခုရက်ပိုင်းအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ နှုန်းသို့ မြင့်တက်လျက်ရှိသည့်အပြင် ယခုနှစ်ပြည်ပပို့ကုန် သီးနှံများအနက် စမုံနက်သီးနှံဈေးနှုန်းမှာ အမြင့်ဆုံးဈေးသို့ စံချိန်တင်ရောက်ရှိနေကြောင်း သိရသည်။

"အောက်တိုဘာလလယ်က စပြီး ရခိုင်ဘက်က မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို တရားဝင်ဖွင့်လှစ်လိုက်တဲ့အတွက် မန္တလေးဈေးကွက်ထဲက စမုံစပါးနဲ့ စမုံနက်တွေ သိသိသာသာဈေးတက်လာတယ်။ သူတို့နိုင်ငံက ဒီပစ္စည်းတွေကို ဟင်းခတ် အမွှေးအကြိုင်အဖြစ် ဟင်းချက်ရာမှာ မပါမဖြစ်ထည့်သွင်းအသုံးပြုကြတယ်။ ဒါ့အပြင် ဆေးဝါးဖော်စပ်တဲ့နေရာမှာလည်း အသုံးပြုကြတယ်လို့ သိရတယ်။ နှစ်စဉ်လည်း ဝယ်ယူမှုတွေရှိပါတယ်။ အခုလို တရားဝင်ဖွင့်လှစ်လိုက်တဲ့အတွက် မြန်မာကုန်သည်တွေအဖို့ ဈေးကွက်အခိုင်အမာနဲ့ တင်ပို့ခွင့်ရကြတာပါ" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။



ထို့ပြင် မြန်မာထွက်ကုန် သီးနှံနံ့နံ့စေ့များမှာလည်း ယခုရက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ယခင်မူရင်းဈေး တစ်တင်းလျှင် ငွေကျပ် ၉၅၀၀ နှုန်းမှ ယခုရက်ပိုင်းတွင် နံ့နံ့စေ့ တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းအထိ မြင့်တက်လျက်ရှိကာ အရောင်းအဝယ်မှာလည်း သွက်လက် လျက်ရှိကြောင်း သိရသည်။

မြန်မာထွက်ကုန်သီးနှံ ဟင်းခတ်အမွှေးအကြိုင် စမုံစပါး၊ စမုံနက်နှင့် နံ့နံ့စေ့များကို ပြည်ပပို့ကုန်အဖြစ် အဓိကတင်ပို့ရောင်းချရန် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌သာ ဆောင်းသီးနှံအဖြစ် အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် “ပညာပြည့်ဝ၊ နှလုံးလှသော” နိုင်ငံရေး ရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်ကို မြန်မာနိုင်ငံ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

လန်ချန်း-မဲခေါင် ဒေသရှိ အဖွဲ့ဝင် (၆)နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံများမှ အနုပညာရှင်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် Puppet festival of Lancang-Mekong စီမံကိန်းကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၌ လက်ခံကျင်းပသွားရန် ကိစ္စနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လန်ချန်း-မဲခေါင်ဒေသတွင်း (၆)နိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် အနုပညာရှင်လူငယ်များကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မည့် လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော် (Puppet Festival of Lancang-Mekong) ကို ယခင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပရန်လျာထားခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး အခြေအနေများအရ ကျင်းပမည့်အချိန်ကို ရွှေ့ဆိုင်းလာခဲ့ရာ ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ မန္တလေးမြို့၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) က လက်ခံကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းအတွက် ကုန်ကျငွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၀ မှ ကျခံပေးခြင်းဖြစ်ပါကြောင်း။



ယခုကျင်းပမည့်ပွဲတော်သည် လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် အနုပညာရှင်လူငယ်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုဖြင့် လန်ချန်း-မဲခေါင်ယဉ်ကျေးမှုဖလှယ်ရေးပလက်ဖောင်း ထူထောင်ရန်အတွက် လန်ချန်း-မဲခေါင် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများမှ ရိုးရာယဉ်ကျေးမှုရုပ်သေးပညာရပ်များ မပျောက်ပျက်စေရေး ဆောင်ရွက်ရန်၊ ရိုးရာယဉ်ကျေးမှုရုပ်သေးပညာရပ်များကို ဖော်ထုတ်မြှင့်တင်ထိန်းသိမ်းရေး ဆောင်ရွက်ရန်၊ ရုပ်သေးပညာရှင်လူငယ်များအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုတိုးတက်ရရှိစေရန် စသောရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ်ကျင်းပမည့် ပွဲတော်တစ်ခုဖြစ်ပါကြောင်း။

ယခုကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်မှုများ၊ အသွားအလာကန့်သတ်မှုတားမြစ်ချက်များ ရှိနေသေးပါကြောင်း၊ ပွဲတော်ကျင်းပမည့်ကာလတွင် ယခုကဲ့သို့ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်မှု ရှိနေဦးမည်ဆိုပါက လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ အနုပညာရှင်လူငယ်များ၊ ဧည့်သည်များမြန်မာနိုင်ငံသို့အဆင်ပြေစွာလာရောက်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ဝင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ရောက်ရှိချိန်၌လည်း လုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက အကြံပြုဆွေးနွေးပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက လန်ချန်း-မဲခေါင် ဒေသရှိ အဖွဲ့ဝင် (၆)နိုင်ငံမှ အနုပညာရှင်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် Puppet festival of Lancang-Mekong စီမံကိန်းကို လက်ခံကျင်းပသွားရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးညှိနှိုင်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်ကို မြန်မာနိုင်ငံ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းထားရှိပြီးဖြစ်၍ ကော်မတီအသီးသီးတွင်ပါရှိသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လုံခြုံရေးကို အထူးဂရုစိုက်ဆောင်ရွက်ရန်လိုပါကြောင်း၊ လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများနှင့် ယဉ်ကျေးမှုအနုပညာ ပူးပေါင်းဖလှယ်ရေးဆောင်ရွက်ရာတွင်လည်း အကျိုးရှိစွာ လုံ့လထုတ်၍ ကြိုးစားဆောင်ရွက်ရန်လိုပါကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနများအနေဖြင့်လည်း လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ခံရယူကြသည်။

ထိုသို့ရောက်ရှိလာသောဆေးများသည် မြန်မာနိုင်ငံမှ မှာယူထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၄ သန်းအနက် ပဉ္စမအသုတ်အဖြစ် ကာကွယ်ဆေး လေးသန်း (5 doses per Vial ထုပ်ပိုးမှုပုံစံ) ဆေးအလုံးရေ ရှစ်သိန်း ဆေးပုံးအရေအတွက် ၄၁ ပုံး အလေးချိန် kg -16236 ရောက်ရှိလာခြင်းဖြစ်ပြီး ထိုသို့ရောက်ရှိလာသော ကာကွယ်ဆေးများတွင် ပထမအသုတ် လေးသန်းသည် စက်တင်ဘာ ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ် လေးသန်းသည် စက်တင်ဘာ ၂၆ ရက်တွင်လည်းကောင်း၊ တတိယအသုတ် လေးသန်းသည် အောက်တိုဘာ ၂ ရက်တွင်လည်းကောင်း၊ စတုတ္ထအသုတ်ကို ၁၅ ရက်တွင်လည်းကောင်း ရောက်ရှိခဲ့ပြီးဖြစ်ရာ ယခုပဉ္စမအသုတ် အပါအဝင် ကာကွယ်ဆေး စုစုပေါင်း သန်း ၂၀ ရောက်ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာမြို့နယ် ... 

## လဟယ်မြို့ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ပြည်သူ့ဆေးရုံရှိ တပ်မတော်သားဆရာဝန်များ၊ သူနာပြုများ၊ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများကို တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် PPE ဝတ်စုံများ၊ Mask များ၊ လက်သန့်ဆေးရည်များ၊ ခွဲစိတ်ခန်းသုံးမျက်မှန်များ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၌ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဝင်အိုး ၁၀၀ ထွက်ရှိသည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက် စမ်းသပ်လည်ပတ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ရှေ့ဖုံးမှ*

တက်ရောက်ရန် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စကို ဆွေးနွေးခဲ့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖိတ်ကြားရန် အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒမရရှိခဲ့ကြသကဲ့သို့ မဖိတ်ကြားရန်လည်း တူညီဆန္ဒမရရှိခဲ့ပါ။ သို့ရာတွင် အစည်းအဝေးအပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌမှ ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် အဆိုပါတူညီဆန္ဒမရရှိသည့်ကိစ္စကို ထည့်သွင်းဖော်ပြခဲ့သောကြောင့် အာဆီယံပဋိညာဉ် အပိုဒ်-၂၀(၁) ပြဋ္ဌာန်းချက်ဖြစ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် တူညီဆန္ဒကို အခြေခံရမည်ဆိုသည့်အချက်နှင့် မကိုက်ညီကြောင်း တွေ့ရှိရပါသည်။

အာဆီယံပဋိညာဉ်၏ အပိုဒ်-၈(၂)(က)အရ အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီသည် ဖိတ်ကြားရေးကိစ္စအပါအဝင် အာဆီယံထိပ်သီးအစည်းအဝေးကိစ္စများကို ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဖော်ပြထားပြီး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွင် ဆောင်ရွက်ရမည့် ကိစ္စမဟုတ်ပါ။ ၄-၁၀-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် (၃၀)ကြိမ်မြောက် အာဆီယံညှိနှိုင်းပေါင်းစပ်ရေးကောင်စီအစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုမှုကိစ္စကို ဆွေးနွေးခြင်းမရှိဘဲ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အရေးပေါ်အစည်းအဝေးကျင်းပပြီး ယင်းကိစ္စကို ဆွေးနွေးခဲ့သောကြောင့် ပြဋ္ဌာန်းထားသည့် အပိုဒ်-၈(၂)(က)ပါ လုပ်ထုံး/လုပ်နည်းများနှင့်မညီကြောင်း တွေ့ရှိရပါသည်။

အာဆီယံပဋိညာဉ်၊ ပုဒ်မ ၂၀ (၁)အရ ဆုံးဖြတ်ချက်များကို တူညီဆန္ဒဖြင့်သာ ချမှတ်ရမည်ဖြစ်ပြီး၊ တူညီဆန္ဒမရရှိသည့်အခါ ပုဒ်မ ၂၀ (၂) ပါပြဋ္ဌာန်းချက်အရ ဆုံးဖြတ်ချက်ကို အာဆီယံ ထိပ်သီးအစည်းအဝေးကသာ ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပါသည်။

၁၅-၁၀-၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးခဲ့ရာတွင် အာဆီယံပဋိညာဉ် အပိုဒ်အချို့အပေါ် ၎င်းတို့ လိုသလို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သဘောထားကွဲလွဲမှုရှိပါက ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်အရ စေ့စပ်ဖျန်ဖြေရေးဖြစ်သည့် အငြင်းပွားမှုဖြေရှင်းရေးယန္တရားအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပုဒ်မ ၂၆ တွင် ဖြေရှင်း၍မရသော အငြင်းပွားမှုများကို အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြဆုံးဖြတ်ချက်ရယူရမည်ဟု ဖော်ပြထားပါသည်။

၁၅-၁၀-၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌမှ ဆုံးဖြတ်ခဲ့မှုများသည် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုမရှိသောကြောင့် သက်ဆိုင်ရာနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် လိုက်နာဆောင်ရွက်ရန် ခက်ခဲပါကြောင်း ဖော်ပြအပ်ပါသည်။

ထို့အပြင် ၁၅-၁၀-၂၀၂၁ ရက်နေ့အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို အကြောင်းပြုပြီး အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ရေးကိစ္စကို အဓိကထား ဆွေးနွေးခဲ့သောကြောင့် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ် (၂)(က)၊ (င)နှင့်(စ)ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ ပြည်တွင်းရေး မစွက်ဖက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရေးတည်ရှိမှုကို ပြင်ပမှ မစွက်ဖက်ရေး စသည့်မူများနှင့် ဆန့်ကျင်နေကြောင်း တွေ့ရပါသည်။

အာဆီယံပဋိညာဉ်စာတမ်း အပိုဒ် (၅)အရ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် တန်းတူရည်တူရှိပြီး၊ အပိုဒ် (၇)(၁)အရ အာဆီယံထိပ်သီးအစည်းအဝေးများကို နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအကြီးအကဲမှ အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရမည့် အခွင့်အရေးများကို အပြည့်အဝရပိုင်ခွင့်ရှိပါသည်။ အကယ်၍ အချို့အာဆီယံနိုင်ငံများက ယင်းကိစ္စအပေါ် မေးခွန်းထုတ်လာပါက အထက်ဖော်ပြပါ အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများနှင့်အညီ သဘောထားကွဲလွဲမှုများကို တိုင်ပင်ဆွေးနွေးမှုနှင့် စေ့စပ်ဆွေးနွေးမှု နည်းလမ်းများဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သော်လည်း အာဆီယံပဋိညာဉ်စာတမ်းပြဋ္ဌာန်းချက်ပါ အချက်များ၊ မူများ၊ ဦးတည်ချက်များနှင့် ဆန့်ကျင်ပြီး၊ မျှတမှုမရှိ မူဘောင်ကျော်လွန်ဆောင်ရွက်မှုများကို လက်ခံနိုင်ခြင်းမရှိကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့်လည်း အာဆီယံအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုစသော ရေရှည်အကျိုးစီးပွားများကို ရည်မျှော်၍ အာဆီယံပဋိညာဉ်စာတမ်းပါ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်**
**နေပြည်တော်**

# အာဆီယံ+ ၃ နိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံဒေသတွင်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၂၀၂၅ အာဆီယံ မျှော်မှန်းချက်ရရှိစေရန် အထောက်အကူပြု

**နေပြည်တော် အောက်တိုဘာ ၂၂**

(၁၆) ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများဖြစ်သည့် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးနှင့် အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေးများ (16th Meeting of the Conference of the Parties to the ASEAN Agreement on Transboundary Haze Pollution (COP–16), 17th ASEAN Plus Three Environment Ministers Meeting – EMM) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




### အမှာစကားပြောကြား

ရှေးဦးစွာ အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံနှင့် အလှည့်ကျသဘာပတိဖြစ်သော ဖိလစ်ပိုင်နိုင်ငံတို့က အဖွင့်အမှာစကား ဆွေးနွေးပြောကြားသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံက အာဆီယံဒေသတွင်း ရာသီဥတုနှင့် မီးခိုးမြူငွေ့ဆိုင်ရာ သုံးသပ်မှု၊ နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသော မီးဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ဆိုင်ရာ အစီရင်ခံစာများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အကောင်အထည် ဖော်မှုအခြေအနေများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေး အကောင်အထည် ဖော်မှုဆိုင်ရာ အာဆီယံညှိနှိုင်းမှု ဗဟိုဌာန တည်ထောင်နိုင်ရေး၊ အာဆီယံနိုင်ငံများ၏ သစ်ဆွေးမြေ စီမံခန့်ခွဲမှုဆိုင်ရ အစီရင်ခံစာ၊ အင်ဒိုနီးရှားနိုင်ငံမှ ဒေသအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အစီရင်ခံစာ၊ မြန်မာနိုင်ငံက မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အစီရင်ခံစာ တို့ကို ရှင်းလင်းတင်ပြ၍ အမြင်ချင်းဖလှယ် ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ထိန်းချုပ်နိုင်ရေးအတွက် သစ်တောမီး၊ စိုက်ပျိုးမြေ မီးလောင်မှုများ လျော့ပါးစေရေး နိုင်ငံအတွင်း ဆောင်ရွက်မှုများ၊ ဒေသတွင်း စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးသည်။ ထို့နောက် အစီရင်ခံစာများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် (၁၇) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများ ပတ်ဝန်းကျင်ဝန်ကြီးအဆင့် အစည်းအဝေးကိုကျင်းပရာ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အာဆီယံ-တရုတ် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းဗျူဟာ (၂၀၂၁-၂၀၂၅) အပေါ် အကောင်အထည်ဖော်နိုင်မှု၊ အစိမ်းရောင်ဖွံ့ဖြိုးမှုနှင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲကြေညာချက်၊ အာဆီယံ-ဂျပန် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ-ကိုရီးယား ပတ်ဝန်းကျင်ဆိုင်ရာ အကောင်အထည်ဖော်မှုနှင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များကို အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံ+၃ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်သစ်များ ဆက်လက် တိုးမြှင့်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ဝန်ကြီးများက အမြင်ချင်းဖလှယ် ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အာဆီယံ+၃ နိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုသည် အာဆီယံဒေသတွင်း ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၂၀၂၅ အာဆီယံ မျှော်မှန်းချက်ရရှိစေရန် အထောက်အကူပြုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးသည်။

### အတည်ပြု

အစည်းအဝေးမှ (၁၇)ကြိမ်မြောက် အာဆီယံ+၃ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၏ အကျဉ်းချုပ်အစီရင်ခံစာကို အတည်ပြုပြီး (၁၆) ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေး အလှည့်ကျ သဘာပတိက နိဂုံးချုပ် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

**သီပေါ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်အေးမင်းစန္ဒာထွေးနှင့် ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို စိတ်အေးချမ်းသာစွာဖြင့် စောစီးစွာထုတ်ယူနိုင်ရန် ယနေ့နံနက် ၇ နာရီမှစတင်ကာ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ပင်စင်လစာငွေများ ထုတ်ပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ဘဏ်အဝင်တံခါးပေါက်ရှေ့၌ ကိုယ်ပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်း တပ်ဆင်စေခြင်းနှင့် နှာခေါင်းစည်းမပါရှိသူများအား အခမဲ့ပေး၍ နှာခေါင်းစည်း တပ်ဆင်ပြီးမှသာ ရုံးအတွင်းသို့ ဝင်ရောက်စေကြောင်း ငွေသွင်းငွေထုတ်ပြုရာတွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာလျက် ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သီပေါမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် လစာထုတ်ယူသူ အငြိမ်းစားဝန်ထမ်း ၁၂၅၉ ဦးရှိပြီး ၎င်းတို့ကို လစဉ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ပိုးသတ်ဆေးနည်းပညာကော်မတီမှ စိစစ်တင်ပြလာသော ပိုးသတ်ဆေးအမျိုးပေါင်း ၂၄၀ ကို အတည်ပြုပေးနိုင်ရေးဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၂**

ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကို စနစ်တကျ ပိုမိုကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၃၄) ကြိမ်မြောက် အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

အစည်းအဝေးသို့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုဆောင်ရွက်ရမည့် ပိုးသတ်ဆေး မှတ်ပုံတင်လျှောက်လွှာများနှင့်ပတ်သက်၍တင်ပြရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းတစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို အထောက်အကူပြုနိုင်ရန် တည်ဆဲပိုးသတ်ဆေးဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် နည်းပညာကော်မတီက ပြုစုတင်ပြလာသည့် သတင်းအချက်အလက်များ၊ စိစစ်သုံးသပ်အကြံပြုချက်ခြင်းများကို အခြေခံ၍ ပိုးသတ်ဆေးဥပဒေ အခန်း (၃) အရ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ တင်ပြရန်လိုအပ်သော အထောက်အထား အချက်အလက်များ သတ်မှတ်ပေးခြင်းတို့ကို ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့က ဆောင်ရွက်လျက်ရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစွာ ကျရောက်စေသော ပိုးသတ်ဆေးများကို သုံးစွဲရန် ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ ကိုင်တွယ်သုံးစွဲစွန့်ပစ်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပိုးသတ်ဆေး ဥပဒေအခန်း(၅) ပုဒ်မ ၁၇၊ ၁၈ အရ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်လိုင်စင်နှင့် ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးခွင့်လိုင်စင် လျှောက်ထားလာသူများကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိုးသတ်ဆေးဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ပိုးသတ်ဆေး မှတ်ပုံတင်လျှောက်ထားခြင်းနှင့် လိုင်စင် လျှောက်ထားခြင်းများအတွက် စိုက်ပျိုးရေး သွင်းအားစုများ အွန်လိုင်းမှတ်ပုံတင်ရန် ဖွင့်လှစ်ပေးထားသည့် https://mairs.doa.gov.mm တွင် လွယ်ကူ အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများ၌ ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေး ဆွေးနွေးစိစစ်ဆောင်ရွက်ခဲ့ရာတွင် (၃၃)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၃၈၈၉ မျိုးကို မှတ်ပုံတင်ခွင့်ပြုပေးခဲ့ပြီး ယနေ့ အစည်းအဝေးတွင် ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များမှ စိစစ်ပြီး တင်ပြလာသော ပိုးသတ်ဆေးအမျိုးပေါင်း ၂၄၀ ကို အတည်ပြုပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လေကြောင်းပို့ဆောင်ရေးကဏ္ဍ ခံနိုင်ရည်ရှိမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့အတွက် ကာလလတ်နှင့် ကာလရှည်တွင် ဆောင်ရွက်သွားမည့်အစီအမံများ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၂**

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization–ICAO) က ကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် High–level Conference on COVID–19 (HLCC 2021) ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီကပြုလုပ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပါဝင်တက်ရောက်သည်။

အဆိုပါ HLCC 2021 သည် အောက်တိုဘာ ၁၂ ရက်မှစတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။ အခမ်းအနားကို အစီအစဉ် ငါးခုဖြင့်ကျင်းပရာ ပထမဦးစွာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Salvatore Sciacchitano က အမှာစကား ပြောကြားသည်။ ယင်းနောက်လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးနှင့် လွယ်ကူချောမွေ့စေရေး ကဏ္ဍ အသီးသီးတွင် ဆွေးနွေးခဲ့သည့် ရလဒ်များကို ICAO တာဝန်ရှိသူများက တင်ပြသည်။

ဆက်လက်၍ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ကမ္ဘာ့ဒေသအသီးသီးသို့ ကနဦးလေကြောင်းပျံသန်းမှုများ စတင်နိုင်ရေးအတွက် ပိုမိုတိုးမြှင့်ကြိုးပမ်းရန်၊ လေကြောင်းခရီးသည်များအား ကာကွယ်ဆေးထိုးနှံရန်နှင့် ဆက်စပ်နေသည့် ကပ်ရောဂါကူးစက်မှု လျော့ပါးရေးလုပ်ငန်းများစသော ကာလတိုအစီအစဉ်များအပါအဝင် လေကြောင်းပို့ဆောင်ရေးကဏ္ဍ ခံနိုင်ရည်ရှိမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့အတွက် ကာလလတ်နှင့် ကာလရှည်တွင် ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးခဲ့ကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ပေါ်ပေါက်လာသော လေကြောင်းပို့ဆောင်ရေးကဏ္ဍ၏ အခက်အခဲများအား ဘေးကင်းလုံခြုံမှုအစီအမံများနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများ ချမှတ်၍ နိုင်ငံတကာလေကြောင်းပျံသန်းမှုများ ဆောင်ရွက်သွားမည့်အပေါ် ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ပြည့်မီရေး ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ လမ်းညွှန်ချက်များ၊ နည်းပညာလွှဲပြောင်းပေးမှု အကူအညီများသည် လွန်စွာ အရေးပါမှုရှိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ ချုပ်၏ No country left behind ဆောင်ပုဒ်နှင့်အညီ လေကြောင်းကဏ္ဍ ဘေးကင်းလုံခြုံ၍ စွမ်းဆောင်ရည်ရှိစွာ ပြန်လည် တည်ထောင်နိုင်ရေး၊ ခံနိုင်ရည်ရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ စီမံခန့်ခွဲမှုနှင့်အတူ ဘေးကင်းလုံခြုံပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပြန်လည်တည်ထောင်နိုင်ရေးကို အဖွဲ့ဝင်နိုင်ငံများအားလုံး အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် ဝန်ကြီးအဆင့် အစည်းအဝေး ကြေညာချက် Ministerial Declaration of High–level Conference on COVID–19 ကို အတည်ပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပုသိမ်မြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ကပ်ရောဂါ ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ ပညာသင်ယူ ဖြေဆိုနိုင်ရေးအတွက် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ ပုသိမ် အထက(၁)၊ အထက(၂)နှင့် အလကကျောင်းအချို့၌ ထိုးနှံပေးရာ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေသန်းနှင့် တာဝန်ရှိသူများ လိုက်လံအားပေးကြည့်ရှုစဉ်။ လှကြည် (ပုသိမ်)

# မရမ်းကုန်းမြို့နယ်၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူ ၄၀၀ ရှိ

**မရမ်းကုန်း အောက်တိုဘာ ၂၂**

ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက်ရှိ ကျောင်းသားကျောင်းသူ ကလေးငယ်များအား ၈–၇–၂၀၂၁ ရက်တွင် ကျောင်းတက် ကျောင်းသား ကျောင်းသူဦးရေ ၁၁၅၂ ဦးတို့အား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို အောက်တိုဘာ ၁၈ ရက်မှစ၍ အထက(၁) စန္ဒိမာခန်းမ၌ ပထမအကြိမ်ဦးစားပေးထိုးနှံပေးလျက်ရှိရာ ယနေ့အထိ နှစ်ကြိမ်ထိုးပြီးသည့် ကျောင်းသားကျောင်းသူ ဦးရေမှာ ၄၀၀ ထိ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးအေးမျိုးနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝေဝေမြင့်နှင့် ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပေးကြသည်။

**ဆက်လက်ထိုးနှံပေးမည်**

မရမ်းကုန်းမြို့နယ်အတွင်း၌ အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလွန်ကျောင်း နှစ်ကျောင်း၊ ဘကကျောင်းလေးကျောင်းတို့နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့အား တစ်ကြိမ်လျှင် ဦးရေ ၂၀၀ နှုန်းဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

# မွန်တို့ဌာနီ ကျိုက်ထီးရိုးဘုရားဖူးမည်

ခင်မောင်
(ဟိုတယ်/ခရီး)

### စုပေါင်းပြုရာ ပြည်မြန်မာဝယ်

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အခြားနိုင်ငံများနှင့်မတူ လှပသည့်နိုင်ငံနယ်နိမိတ်၊ ပုံသဏ္ဌာန်၊ သဘာဝအရင်းအမြစ်များဖြစ်သော ကုန်း၊ မြေ၊ ရေ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်ကုန်းတောင်တန်းများ၊ ပင်လယ်ကမ်းရိုးတန်းများ၊ နှင်းတောင်တန်းများ စသည်တို့ဝန်းရံလျက်ဖြင့် အိမ်နီးချင်းနိုင်ငံများကြားတွင် လှပစွာတည်ရှိနေပါသည်။ နိုင်ငံအတွင်း၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည် ပင်မတိုင်းရင်းသားများအား အခြေခံလျက် တိုင်းရင်းသားအမျိုးအနွယ် ၁၃၅ မျိုးတို့ဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် ဒေသမခွဲ၊ လူမျိုးမခွဲ၊ ယုံကြည်ကိုးကွယ်ရာ ဘာသာမခွဲ စုပေါင်းနေထိုင်လာခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ဖြစ်သည်ဟု စာသဘောအရ ဖော်ပြနိုင်ပါသည်။ လက်တွေ့အရ ဂုဏ်ယူစွာဖြင့်ဖော်ပြရလျှင် မိမိမွေးဖွားကြီးပြင်းလာသည့် သက်တမ်းတစ်လျှောက်လက်တွေ့ပင်ဖြစ်ပြီး ထိုမျိုးနွယ်စုများတွင်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ယုံကြည်ကိုးကွယ်မှုကွဲပြားစွာတည်ရှိနေသကဲ့သို့ ရိုးရာပွဲလမ်းသဘင်များကိုလည်း သတ်မှတ်ရက်များအလိုက် စုပေါင်းပါဝင်မှုဖြင့် ကျင်းပလျက်ရှိကြသည်။

တစ်နှစ်ပတ်လုံး ပွဲလမ်းသဘင်များဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ စီရင်ကျင်းပနေထိုင်ခဲ့ကြသည့်နည်းတူ မိရိုးဖလာ လယ်ယာလုပ်ငန်းခွင်များ ပြီးစီးပြီး ကောက်ပဲသီးနှံများပေါ်ချိန် မိုးအကုန် ဆောင်းအကူးကာလမှစ၍ နီးစပ်ရာမြို့ရွာများ၊ တန်ခိုးကြီးဘုရားများတည်ရှိရာဒေသများ၊ ပင်လယ်ကမ်းစပ်အပန်းဖြေကမ်းခြေနေရာများသို့ ဆွေမျိုးမိတ်သင်္ဂဟများ စုပေါင်းကာဖြင့် ခရီးရက်တို/ရက်ရှည် လည်ပတ်ကြသည့် ချစ်စဖွယ် အစဉ်အလာကောင်းများဖြင့် နေထိုင်လာခဲ့ကြပါသည်။


### သီတင်းကျွတ်ဘုရားပွဲတော်

ယခုလိုအခါသမယ မိုးအကုန် ဆောင်းအကူး မြန်မာလဖြစ်သော သီတင်းကျွတ်ကာလတွင် မြန်မာနိုင်ငံဒေသအသီးသီးရှိ အပန်းဖြေနားနေနိုင်သည့် ခရီးစဉ်များ ပြန်လည်ပွင့်လန်းလာစမြဲဖြစ်ရာ ငပလီ၊ ချောင်းသာ၊ ငွေဆောင်ကဲ့သို့ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ၊ စက်စဲ၊ မော်တင်စွန်း၊ အင်းတော်ကြီး၊ အင်းလေးကဲ့သို့ ဘုရားဖူးအပန်းဖြေနေရာများ၊ ရွှေတိဂုံဘုရား၊ မဟာမြတ်မုနိဘုရား၊ ကျိုက်ထီးရိုးဘုရားများအပါအဝင် ဒေသအသီးသီးရှိ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူး၊ အပန်းဖြေခရီး ရက်တို/ရက်ရှည် သွားရောက်လည်ပတ်ရန် စုပေါင်းညှိနှိုင်း ရွေးချယ်စီစဉ်ကြသည်မှာလည်း မြန်မာလူမျိုးတို့၏ အလေ့အထတစ်ခုဖြစ်ပေသည်။

### မွန်တို့ဌာနီခရီးသွားမည်

ထိုသို့သော ပြည်တွင်းခရီးစဉ်များထဲတွင် ငယ်စဉ်ကာလမှ ယနေ့ထိတိုင် မရိုးနိုင်သည့် မွန်ပြည်နယ်ရှိ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က တည်ထားသည့် ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားသို့ တောင်တက်ခရီး ဘုရားဖူးခရီးစဉ်အား မိတ်ဆက်တင်ပြလိုစိတ်က ဖြစ်လာ၍ မှတ်မိသိရှိသမျှ တင်ပြလိုပါသည်။

မွန်ပြည်နယ်တွင် မော်လမြိုင်နှင့် သထုံခရိုင်နှစ်ခု၊ မြို့နယ်ဆယ်ခု (ထပ်မံအတည်ပြုထားသည့် မြို့နယ်၊ မြို့နယ်ခွဲများ ရှိနိုင်ပါသည်)နှင့် ကျေးရွာပေါင်းတစ်ထောင်ကျော်ရှိကြောင်း မှတ်သားဖူးပါသည်။ မွန်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင်များသာမက အခြားသော ဘာသာဝင်များ၏ ဓလေ့ထုံးတမ်းအရ ကိုးကွယ်ယုံကြည်မှုပြုကြသည့် အမည်ကျော်ကြား တန်ခိုးကြီးဘုရားများစွာ ရှိသည့်အနက် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီသည် လူသိများသော ဗုဒ္ဓဘာသာဘုရားဖူးနေရာတစ်ခုဖြစ်ပါသည်။ ရွှေအရွက်များဖြင့် ဖုံးအုပ်ထားသော ကျောက်ဆောင်ထိပ်တွင် ဗုဒ္ဓဆံတော်အား ဌာပနာပြုတည်ထားသော မြန်မာပြည်တွင် ဗုဒ္ဓဆံတော်ဌာပနာပြု တည်ထားကိုးကွယ်သည့် တန်ခိုးကြီးဆံတော်ရှင်စေတီ၊ ပုထိုးများတွင် တစ်ဆူအပါအဝင်ဖြစ်ကာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီဟု အမည်နာမဖြင့် ဂုဏ်သတင်းကျော်ကြားသည့် စေတီတော်ငယ်တစ်ဆူ တည်ရှိပါသည်။ စေတီတော် တည်ထားသည့် ကျောက်တုံး၊ ကျောက်ဆောင်အနေအထားမှာ အံ့သြဖွယ်ရာဖြစ်ကာ ပြည်တွင်းခရီးသွားများသာမက ပြည်ပဘုရားဖူး၊ လေ့လာသူများအကြား ဂုဏ်သတင်း ကျော်ကြားလျက်ရှိပါသည်။ စေတီတည်ထားရာ နေရာမှာလည်း သာမန်ပြည်သူများ နေထိုင်ရာ ရပ်ရွာများနှင့် အလှမ်းကွာဝေးခြင်း၊ တောင်ကုန်းတောင်တန်းများ၊ သဘာဝတောတောင်လျှိုမြောင်၊ စိမ့်စမ်းများကို ကျော်ဖြတ်ပြီးမှ ခက်ခက်ခဲခဲရောက်ရှိဖူးမြော်နိုင်သည့် စွန့်စားခရီးစဉ်တစ်ခု ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများအကြား စိတ်ဝင်စားမှုများစွာ ရှိခြင်းလည်းဖြစ်ပါသည်။



### ပျော်ပျော်ပါးပါးတောင်တက်ခရီးသွား

ကျိုက်ထီးရိုးစေတီ သမိုင်းနှင့် ပတ်သက်သည့် လေ့လာမှတ်သားဖွယ် မှတ်တမ်းများ၊ ခရီးသွားဆောင်းပါးများ၊ ငယ်စဉ်ကပင် စွဲမက်စွာကြည့်ခဲ့ရသည့် ရုပ်ရှင်ဗီဒီယို မှတ်တမ်းများရှိပြီး ကိုယ်တိုင်လည်း ငယ်စဉ်မှ ယနေ့တိုင် အခွင့်အခါသင့်တိုင်း မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းများ စုဖွဲ့ကာဖြင့် ဘုရားဖူးခရီးသွားဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့ငယ်စဉ်က ကျိုက်ထိုမြို့သို့ ရထား၊ မော်တော်ကားတို့ဖြင့် သွားရောက်ပြီး ကျိုက်ထီးရိုးတောင်ခြေရှိ ကင်မွန်းစခန်းမှစတင်၍ သက်ကြီးရွယ်အိုများမှာ ပုခက်ထမ်းစင်ဖြင့်တစ်မျိုး ကလေးသူငယ်နှင့် ပစ္စည်းများအား အထမ်းသမားများငှား၍ တစ်ဖုံ၊ လူငယ်လူရွယ်များမှာ အုပ်စုဖွဲ့ ခြေကျင်ခရီးတက်ခဲ့ကြပါသည်။ လမ်းခရီးတစ်လျှောက် တောတောင်လျှိုမြောင် စိမ့်စမ်းများတွင် ဆော့ကစားကာဖြင့် ပျော်ပျော်ပါးပါး တောင်တက်ခရီးမှာ မောပန်းရကောင်းမှန်းပင်မသိ တက်ရသည့်ခရီးမှာ အတက်နှင့်အဆင်း လူငယ်လူရွယ်တို့၏ နောက်ပြောင်ကျီစယ်မှုများက အပန်းပြေစေမှုနှင့် အမှတ်ရစေသည့် တောင်တက်ခရီးစဉ်တစ်ခုအဖြစ်လည်း တည်ရှိနေပေသည်။

တောင်ပေါ်သို့ ခြေကျင်ခရီးဖြင့်ဆိုပါက ကင်မွန်းစခန်းမှ ရေမြောင်လေး၊ မရမ်းတောင်တက်၊ ရွှေရင်စို့၊ ရွှေရင်သာ၊ ရေတံခွန်၊ ကျားဆွဲစခန်း၊ မျှော်တော်မူ၊ ရေမြောင်ကြီး၊ မဟာမြိုင်စခန်း၊ ဘိုးပြန်တောင်၊ အောက်ဆိုင်တမော့၊ အထက်ဆိုင်တမော့၊ စခန်းကလေး၊ နဂါးပတ်၊ ပန်းတင်ကျောက်(ဟုန်းနတ်) လွမ်း/မြစေတီ၊ ကျောက်သမ္ဗန်၊ ရွှေနန်းကျင်မှသည် ကျိုက်ထီးရိုးရင်ပြင်ဆီသို့ တောင်တက်ခရီး အကွာအဝေး ၇ မိုင် ၇ ဖာလုံခန့်အား ၅ နာရီခန့် နားနားနေနေ တက်ရောက်ရပြီး ခရီးစဉ်တစ်လျှောက်တွင် တစ်ထောက်နားရာ စျေးဆိုင်ငယ်လေးများ၊ ဒေသစျေးသည်များ၏ နားပါ၊ စားပါ၊ အပန်းဖြေပါ၊ တည်းခိုစရာစီစဉ်ပေးမှာ စသည့်လှိုက်လှဲပျူငှာစွာ အသံဝဲဝဲ၊ ထူးခြားသည့် လေယူလေသိမ်း စကားအသုံးအနှုန်းလေးများနှင့် ခရီးဦးကြိုပြုကြသည့် ဒေသနေပြည်သူတို့၏ ချစ်စရာဓလေ့ကလည်း အမှတ်ရစရာပင်ဖြစ်သည်။

### အံ့ဖွယ်ထူးခြား ဆံတော်ရှင်ဘုရား

ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၁၁၀၀ အမြင့်ရှိသော တောင်၏ အစွန်းကျကျနေရာ ကျဉ်းကျဉ်းလေးတွင် သာမန်ကြည့်လျှင် ပြုတ်ကျလုဆဲဆဲပုံစံဖြင့် ရွှေရောင်တောက်ပနေသော ကျောက်တုံးကြီးပေါ်တွင် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဌာပနာထားသော ဉာဏ်တော် ၇.၃ မီတာ (၂၄ပေ) အမြင့်ရှိ ကျိုက်ထီးရိုးစေတီတော်အား ပတ်လည်ထုထည် ပေ ၅၀ ခန့်ရှိ ကျောက်ဆောင်ကြီး၏ အစွန်းကျကျနေရာတွင် မေးတင်လျက် ဖူးတွေ့ရမည်ဖြစ်ပါသည်။

ကမ္ဘာမြေကြီး၏ ဆွဲအားရှိသည်ကို ထည့်သွင်းမစဉ်းစားဘဲ ဆွဲငင်အားကို ဆန့်ကျင်သကဲ့သို့ ရုတ်တရက်သာသာ တွန်းလိုက်ရုံနှင့် ပြုတ်ကျသွားမည့်ပုံပေါ်နေသည့် နှိုင်းတုရာသဏ္ဌာန်အနေဖြင့် ရသေ့၏ ဦးခေါင်းပုံကျောက်တုံးကြီးအပေါ်တွင် တည်ထားသည့် ကျိုက်ထီးရိုးစေတီအား ဖူးတွေ့ရလျှင်ဖြင့် တစ်နေကုန် ပင်ပင်ပန်းပန်းတက်ခဲ့ရသည့် ခရီး၏ အမောများပြေပျောက်ကာ စိတ်အေးချမ်းကြည်လင်မှုကို ဘုရားဖူးလာသူ လူကြီးလူငယ်တို့ အပြည့်အဝ ခံစားကြရပါသည်။

အပ်ချည်ကြိုးဖြင့် ချည်ထားသော ဝါးနီးဖျားလေးတစ်ခုကို ကျောက်တုံးအောက် လျှိုကြည့်ပါက အပေါ်ကျောက်တုံးနှင့် အောက်ကျောက်တောင်မှာ တစ်ခုနှင့်တစ်ခု မထိကြောင်းနှင့် ကျောက်တုံးကြီးပေါ် တည်ထားသော စေတီအား မွန်ဘာသာဖြင့် ကျိုက်-အိ-သီးရိုးဟုခေါ်တွင်ကြောင်း၊ ရသေ့ဦးခေါင်း သယ်ဆောင်ထားသော စေတီဟု အဓိပ္ပာယ်ရကြောင်း၊ အချိန်ကြာလာပြီး နောက်ပိုင်းတွင် ကျိုက်ထီးရိုးစေတီ၊ ကျိုက်ထီးရိုးတောင်ဟု ခေါ်ဝေါ်သတ်မှတ်လာကြကြောင်း၊ စေတီနှင့် ပတ်သက်သည့် ပုံပြင်၊ ဒဏ္ဍာရီ၊ နတ်၊ ဝိညာဉ်စသည့် နှုတ်ပြောသမိုင်းအကြောင်းအရာများကိုလည်း တစ်ဆင့်စကား ကြားသိမှတ်သားရဖူးပါသည်။

### ခေတ်နှင့်ယှဉ်ကာ တိုးတက်လာသည် လုံခြုံစိတ်ချ တည်းခိုမည်

ယခုနောက်ပိုင်းတွင် ကင်မွန်းစခန်းမှ ဘုရားစေတီနှင့် အနီးဆုံးစခန်း ရောက်သည်အထိ တောင်တက်ကားဖြင့် မတ်စောက်မြင့်မား ဝေ့ဝိုက်နေသော တောင်တက်လမ်းခရီးကို သည်းထိတ်ရင်ဖိုခံစားရင်း တက်၍ရနေပြီဖြစ်သကဲ့သို့ ကင်မွန်းစခန်းမှ ရသေ့တောင်သို့ မော်တော်ယာဉ်ဖြင့်တက်၍ ရသေ့တောင်မှ တောင်ပေါ်သို့ ကေဘယ်လ်ကားဖြင့် လွယ်ကူစွာ တက်ရောက်နိုင်ပြီလည်း ဖြစ်ပါသည်။ ယခင်က ဘုရားရင်ပြင်တွင် ဘုရားဖူးကာ စားသောက်ဆိုင်တန်းရှိ နားနေဆောင်များတွင် အိပ်ခန်းရယူ ညအိပ်နားနေရပြီး အလွန်အေးမြသည့် ရေကိုဝယ်ယူ၍ ကိုယ်လက်သန့်စင်မှု ပြုခဲ့ရသော်လည်း ယခုအခါ ဘုရားဖူး ဧည့်သည်များအတွက် ခေတ်မီပြည့်စုံသော ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များဖြင့် ပြည့်စုံစွာ တည်ရှိနေပြီဖြစ်ပါသည်။

ကျီးကန်းပါးစပ်၊ ဆောင်နိုင်ကြီး ရေတံခွန်များသို့လည်း သွားရောက်လည်ပတ်နိုင်ပါသည်။ ကျိုက်ထီးရိုးစေတီတော်သည် ဗုဒ္ဓဘာသာဝင်များအကြား လူသိများသည့် ဘုရားဖူးခရီးစဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်ပြည်တွင်း ဘုရားဖူးပြည်သူ ထောင်ပေါင်းများစွာ လာရောက်ဝတ်ပြုရာ ဆံတော်ရှင်စေတီတစ်ဆူဖြစ်သည့်အပြင် မြန်မာနိုင်ငံ အိမ်နီးချင်း

*စာမျက်နှာ ၇ သို့*

**❖ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၁၀၀ အမြင့်ရှိသော တောင်၏အစွန်းကျကျနေရာ ကျဉ်းကျဉ်းလေးတွင် သာမန်ကြည့်လျှင် ပြုတ်ကျလုဆဲဆဲပုံစံဖြင့် ရွှေရောင်တောက်ပနေသော ကျောက်တုံးကြီးပေါ်တွင် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဌာပနာထားသော ဉာဏ်တော် ၇.၃ မီတာ (၂၄ပေ) အမြင့်ရှိ ကျိုက်ထီးရိုးစေတီတော်အား ပတ်လည်ထုထည် ပေ ၅၀ ခန့်ရှိ ကျောက်ဆောင်ကြီး၏ အစွန်းကျကျနေရာတွင် မေးတင်လျက် ဖူးတွေ့ရမည်ဖြစ်ပါသည်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိမှု ၇ ဒသမ ၀၃ ရာခိုင်နှုန်းသာရှိ



မုံရွာ အောက်တိုဘာ ၂၂

**စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၄/၂၀၂၁)ကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိမှုမှာ ၇ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် ဆေးရုံတက် သေဆုံးမှုမှာ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများမှ တာဝန်ရှိသူများက ရောဂါ စစ်ဆေးတွေ့ရှိမှုကို အောက်တိုဘာလအကုန်တွင် ၃ ရာခိုင်နှုန်းအထိ လျော့ကျအောင် အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ Stay at Home သုံးမြို့နယ်ကျန်ရှိပြီး ၎င်းမြို့များအား လျှော့ချနိုင်ရေးအတွက် ပိုးစစ်ဆေးမှုကို သတ်မှတ်နေရာများတွင် များများစစ်ဆေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်လိုအပ်မှု အနေဖြင့် ထုတ်လုပ်နိုင်မှု၏ ၃၅ ရာခိုင်နှုန်းသာ လိုအပ်မှုရှိသည့်အတွက် အောက်ဆီဂျင်နှင့်ပတ်သက်၍ လုံလောက်အောင် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုယ်တိုင်ကူးစက်မှု မခံရစေရေး ဂရုစိုက်ကြရန်နှင့် လုပ်ဆောင်မှုအားလုံးကို လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်က မိမိတို့အနေဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ၊ လုံခြုံရေး လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောဂါပိုး စစ်ဆေးတွေ့ရှိမှု အခြေအနေများ၊ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှုအခြေအနေများ၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု အခြေအနေများ၊ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူများ ကာကွယ်ဆေးထိုးနှံရေး သက်ဆိုင်ရာကျောင်းများအခြေပြု၍ ဆေးထိုးနှံရေး ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းများ၊ နေ့စဉ်ကာကွယ်ဆေးထိုးနှံမှု အခြေအနေများနှင့် ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးရှိ သလလာရတနာခန်းမတွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မုံရွာပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်/သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တာဝန်ရှိသူများနှင့်အတူ ဒုတိယဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများထံ စားသောက်ဖွယ်ရာများ ပေးအပ်ကြပြီး မုံရွာပြည်သူ့ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာမာမာအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာပြည်သူ့ ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအား စားသောက်ဖွယ်ရာများ လိုက်လံပေးအပ်ကြပြီး အားပေးစကား ပြောကြားကာ ကုသရေး၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်မြို့တော်အတွင်း လမ်းများကောင်းမွန်ရေးလုပ်ငန်းများ မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်း လူသွားစင်္ကြံ၊ လမ်းများ တိုးချဲ့ခင်းကျင်းနေမှုနှင့် မြို့ပြသန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မြို့တော်ဝန်နှင့် အဖွဲ့သည် နံနက် ၇ နာရီတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ နာနတ်တောစည်ပင်သာယာရဲတပ်ဖွဲ့ လိုင်းခန်းသို့ ရောက်ရှိပြီး ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်းများ၊ မီးဖိုချောင်သုံးကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုး ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ဒေါပုံမြို့နယ် စက်ရုံလမ်း သာကေတတံတားဟောင်းအဆင်းမှ ဒေါပုံကော်ဇောစက်ရုံ၊ ၎င်းမှ မင်းနန္ဒာလမ်း ရွှေပုဇွန်မုန့်တိုက်အထိ အရှည်ပေ ၃၀၀၀ လူသွားစင်္ကြံ စက်ဘီးစီးလမ်း ခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယခုအခါ အဆိုပါ လူသွားစင်္ကြံနှင့် စက်ဘီးစီးလမ်း ခင်းကျင်းနေမှု ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် သာကေတမြို့နယ် သန်လျင်တံတား ချဉ်းကပ်လမ်းမကြီးအား သာလွှာဝတီလမ်းမှ သာကေတအဝိုင်းထိ ပေ ၁၁၅၀၊ ခြောက်လမ်းသွားရရှိအောင် လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းမီ ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ လမ်းမတော်လမ်းမှ ရွှေတိဂုံဘုရားလမ်းထိ ရေမြောင်းများ ဆယ်ယူရှင်းလင်းနေမှု၊ ရေမြောင်းနှာပေါက်များအတွင်းမှ သဲ၊ ခဲများ ရှင်းလင်းဆောင်ရွက်နေမှု၊ လျှပ်စစ်မီးကြိုးနှင့် မလွတ်ကင်းသည့် အပင်အကိုင်းအခက်များနှင့် လမ်းပေါ်တွဲလောင်းကျနေသည့် အကိုင်းခက်များ ခုတ်ထွင်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသားများမှ အလွန်တရာ ကြည်ညိုလေးစားကာ နှစ်စဉ်လာရောက် ဖူးမြော်ကြသည်ဖြစ်ရာ နယ်စပ်ဒေသမှ ကျိုက်ထီးရိုးဘုရားလမ်းခရီးတစ်လျှောက်ရှိ ဒေသနေပြည်သူများမှာ ခရီးသွားလုပ်ငန်းမှ အကျိုးကျေးဇူးများကို ရရှိခံစားနေကြရပါသည်။

မွန်ပြည်နယ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်ရယူ၍ လုပ်ငန်းဆောင်ရွက်နေသည့် ဟိုတယ် ၄၅ လုံးနှင့် တည်းခိုရိပ်သာ ၂၆ လုံးတို့ရှိပြီး ၎င်းအနက် ကျိုက်ထီးရိုးတောင်ပေါ်တွင် ကျိုက်ထိုဟိုတယ်၊ ရိုးရိုးလေးဟိုတယ်၊ Mountain Top Hotel, Golden Rock Hotel (ရသေ့တောင်) တို့ရှိပြီး အေးချမ်းစွာတည်းခိုနေထိုင် ဘုရားဖူးနိုင်သကဲ့သို့ မြန်မာတို့ဓလေ့အတိုင်း တောင်ပေါ်ရှိ ဘုန်းကြီးကျောင်းများ၊ အိပ်ဆောင်များတွင် တည်းခိုနားနေနိုင်ပြီး ဘုရားဖူးများသည့် ကာလများတွင် ဘုရားရင်ပြင်တော် တိမ်လွှာမြူနှင်း ဖွေးဖွေးအောက်တွင် အိပ်စက်အနားယူကြရသည်များလည်း ရှိပါသည်။ တောင်ခြေကင်မွန်းစခန်းတွင် ဟိုတယ် ရှစ်လုံးနှင့် တည်းခိုခန်း နှစ်ခုတို့တည်ရှိပြီး ကျိုက်ထိုမြို့ပေါ်တွင် ဟိုတယ်သုံးလုံး တည်းခိုရိပ်သာ နှစ်လုံးတို့မှ ဘုရားဖူးလာ ပြည်တွင်း/ ပြည်ပ ခရီးသွားများအား အဆင့်မီဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

မွန်ပြည်နယ်ရှိ ဟိုတယ်၊ တည်းခိုခန်းများတွင် ဝန်ဆောင်မှုများပေးလျက်ရှိသည့် ဝန်ထမ်း ၁၀၅၂ ဦးသည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ၁၀၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးပြီးဖြစ်ကြောင်းနှင့် Health and Safety Protocol (HSP) နှင့် ကိုက်ညီသည့် ဟိုတယ်အများစုအား Certificate (Regional) အဆင့် စစ်ဆေးခွင့်ပြုထုတ်ပေးပြီးဖြစ်ရာ ဟိုတယ်များတွင် တည်းခိုနေထိုင်ကာ လာရောက်လည်ပတ်ဘုရားဖူးမည့် ဧည့်သည်များအား ကျန်းမာရေးအရ အထိုက်အလျောက်လုံခြုံစွာဖြင့် ဝန်ဆောင်မှုများ ပေးနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

**စိတ်ချမ်းမြေ့ဖွယ် ခရီးထွက်ကြမယ်**

မိုးရာသီကုန်ဆုံးကာ သွားလာမှုအဆင်ပြေသည့် ဆောင်းတွင်းကာလ ခရီးသွားရာသီသို့ ရောက်ပြီဖြစ်၍ မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဘုရားအပါအဝင် ကျိုက်ထိုမြို့ပေါ်ရှိ ကျိုက်ပေါလော မဲ့ရှင်ဘုရားနှင့် တန်ခိုးကြီးစေတီပုထိုးများအား လှည့်လည်ဖူးမြော်နိုင်သကဲ့သို့ ကျိုက်ထိုမြို့မှ ကျော်လွန်၍ သထုံ၊ ဘီးလင်း၊ ကျိုက်မရော၊ မော်လမြိုင်၊ မုဒုံမှသည် ကျိုက္ခမီ စက်စဲသို့လည်း လည်ပတ်ကာ တန်ခိုးကြီးဘုရားများ ဖူးမြော်နိုင်သကဲ့သို့ ဒေသထွက် သစ်သီးဝလံများ (ဒူးရင်း၊ မင်းကွတ်) စသည်တို့အား လတ်လတ်ဆတ်ဆတ် စားသုံးနိုင်ခြင်း၊ လတ်ဆတ်သည့် ပင်လယ်စာအစားအစာများ၊ အုန်းရေများ သောက်သုံးကာဖြင့် ဒေသဗဟုသုတရရှိ၍ စိတ်အေးချမ်းသာယာသည့် မွန်ပြည်နယ် ခရီးစဉ်အပါအဝင် မြန်မာပြည်အနှံ့ ပြည်တွင်းခရီးစဉ်များအား လွတ်လပ်ပျော်ရွှင်စွာ စိတ်ကြိုက်ရွေးချယ် ပျော်ပျော်ပါးပါး လည်ပတ်ကာဖြင့် တစ်နှစ်တာကာလ စိတ်ပင်ပန်း နွမ်းနယ်မှုများအား ပြေပျောက်စေနိုင်ပါရန် တိုက်တွန်းအကြံပြုရေးသားတင်ပြအပ်ပါသည်။

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည်-
   (၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
   (၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ။
   (၃) ဇာတ်သဘင်၊ အငြိမ့်ဖျော်ဖြေမှုလုပ်ငန်းများ။
   (၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်း ဖြစ်ရမည်။

(ဂ) ချေးငွေအား လုပ်ငန်းဆက်လက်လည်ပတ်ရန် ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်းဖြစ်ရမည်။

(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ၊ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။

(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဇ) လက်ရှိ လည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာ ဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင် ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်းမရှိစေရန် စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကို အောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။
(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -
(က) www.mifer.gov.mm။
( ခ ) www.moi.gov.mm။
( ဂ ) www.dica.gov.mm။
(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည်ဖြစ်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်း ပြုမည်မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။
   ၀၉ - ၄၄၅ ၈၆၃ ၉၈၂
   ၀၉ - ၄၄၅ ၈၆၄ ၃၈၁
(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
   ၀၁ - ၆၅၈၁၂၂
   ၀၁ - ၆၅၈၁၃၁

၁၁။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

### ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| | **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေ ရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေ ပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၈။ | လုပ်ငန်းဓါတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| | **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေ ပြန်လည် ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓါတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ)<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ**

နေ့စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------
------------------------
(ဃ) လုပ်ငန်းအမျိုးအစား - ------------------------
(င) လုပ်ငန်းသက်တမ်း - ------------------------
(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------
(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ------------------------
(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ) - ------------------------

လက်မှတ် - ------------------------
အမည် - ------------------------
မှတ်ပုံတင်အမှတ်- ------------------------
ရာထူး - ------------------------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ------------------------

# စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ယနေ့မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၅၀ တွင် 92Ron ၁၉၆၇၀၆၅၂ လီတာ၊ ဒီဇယ် ၁၂၂၀၅၉၀၆ လီတာနှင့် Premium ဒီဇယ် ၁၈၃၄၇၁၀၁ လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဆိုင်လိပ်စာများအား ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း-၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂ ၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း-၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း**

၂၂-၁၀-၂၀၂၁

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁၈ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၃ |
| ၃ | နေပြည်တော် | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ၂ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ၃ |
| ၅ | ရှမ်းပြည်နယ် | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | ၃ |
| ၆ | ရခိုင်ပြည်နယ် | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | ၁ |
| ၇ | မွန်ပြည်နယ် | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | ၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ၁ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ၆ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ၈ |
| ၁၁ | ကချင်ပြည်နယ် | ၁၂၁၇ | ၁၁၉၇ | ၁၂၀၄ | ၁ |
| | | စုစုပေါင်း | | | ၅၀ |

**ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင် အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Terminal-202 | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်္ဂလာဒုံ |
| ၂ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ ကွင်းအမှတ် (၅၆၇/A က) |
| ၅ | KZH ဆီဆိုင် | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ငါးမာန်အောင်ဘုရားအနီး၊ ရန်ကုန်မြို့ |
| ၆ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၇ | Yadanar Petrol Station (Dala) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒလ-တွံတေးကားလမ်း၊စာပါချောင်ရပ်ကွက် ၊ ဒလမြို့၊ရန်ကုန်တိုင်းဒေသကြီး |
| ၈ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၉ | Yadanar Petrol Station (Kyauttan) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၈၃၆)၊ သန်လျင်-ကျောက်တန်းလမ်းမကြီး၊ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀ | Puma Power 009 (South Okkalapa) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရတနာလမ်း၊ တောင်ဥက္ကလာ၊ ရန်ကုန် |
| ၁၁ | Yadanar Petrol Station (Taikgyi) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂ | Yadanar Petrol Station (Kayan) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၃)ရပ်ကွက်၊ ခရမ်း-ရန်ကုန်လမ်းမကြီး၊ ခရမ်းမြို့နယ်၊အေးချမ်းသာမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၃ | PT Power (သာကေတ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၃၅/ခ)၊ ရွှေခင်းသာလမ်း၊ ၁၀ တောင်ရပ်ကွက် |
| ၁၄ | Yadanar Petrol Station (Thanlyin) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၀)၊ သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၅ | Yadanar Petrol Station(ဥက္ကံ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်၁၀/ခ၊ ပြည်လမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ ရန်ကုန် |
| ၁၆ | Yadanar Petrol Station (ကော့မှူး) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မကျီးကန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကော့မှူးမြို့၊ ရန်ကုန် |
| ၁၇ | Yadanar Petrol Station (ကွမ်းခြံကုန်း) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် ၈၁၊ ဗိုလ်ချုပ်လမ်း၊ ကန်ကြီးပိုက်ရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန် |
| ၁၈ | Yadanar Petrol Station (သုံးခွ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အောင်ဇေယျလမ်း၊ အမှတ် ၅ ရပ်ကွက် ၊ သုံးခွမြို့၊ ရန်ကုန် |

**မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင် အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS 031 | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | KS ( 031 ) အုန်းချောဆိုင် (မန္တလေး-ထုံးဖို) |
| ၂ | KS 027 | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 027 ) ကျွဲတပ်ဆုံ ( သာစည်မြို့ ) |
| ၃ | OK ENERGY ရမည်းသင်း | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်-မန္တလေး လမ်းမကြီးဘေး ရွှေဒါးကျေးရွာ |

**နေပြည်တော်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင် အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Power (9) (PyinMaNa) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း နှင်းဆီဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၂ | PT Power (သာဝတ္ထိ) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ကြာအင်းဇလုပ်ကျေးရွာအနီး၊ သာဝတ္ထိကျေးရွာအုပ်စု |

**တနင်္သာရီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင် အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | စန္ဒဝတ်ရွာ၊ ကျွဲစုလမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ကုန်းပေါက်ရွာ၊ မြိတ်တောင်အုပ်စု၊ မြိတ်မြို့နယ် |
| ၃ | MICHILI FUEL | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | တိုင်းရုံးလမ်းခွဲ မြိတ်-ထားဝယ်လမ်းမကြီး ရွှေပေးကျေးရွာ စန္ဒဝတ်ကျေးရွာအုပ်စု မြိတ်မြို့၊တနင်္သာရီတိုင်းဒေသကြီး |

**ရှမ်းပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင် အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Kyawel Ta Sone KS | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ကျွဲတပ်ဆုံကျေးရွာအုပ်စု၊သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂ | BOC (အောင်ပန်း) | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | အမှတ်(၂၂) ပြည်ထောင်စုလမ်းမကြီးဘေး၊ ကလောတိုးဂိတ်အနီး၊ ကလောမြို့ |
| ၃ | BOC (တောင်ကြီး) | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | အမှတ် ၁၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့ |

*(ဆက်လက်ဖော်ပြပါမည်)*

# အင်းလေးကန်နှင့် အင်းတော်ကြီးကန်အား ဇီဝအဝန်းနယ်မြေနှစ်ခုအဖြစ် ယူနက်စကို အသိအမှတ်ပြု

ရန်ကုန် အောက်တိုဘာ ၂၂

**လူနှင့်သဘာဝနယ်မြေကို ထိန်းညှိထားသော မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကို ဆွဲဆောင်လျက်ရှိသည့် အင်းလေးကန်နှင့် အင်းတော်ကြီးကန်အား ဇီဝအဝန်းနယ်မြေနှစ်ခုအဖြစ် ယူနက်စကိုက အသိအမှတ်ပြုထားကြောင်း သိရသည်။**

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံများအနေဖြင့် နိုင်ငံ၏ဝင်ငွေတစ်ခုအဖြစ် အပြိုင်အဆိုင်ဖော်ဆောင်ခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါကြုံတွေ့ရသော ကာလတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအချို့ ရရှိခဲ့ကြသည်။ ခရီးသွားလုပ်ငန်း၏ အဓိကအသက်သွေးကြောဖြစ်သော ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ထိန်းသိမ်းထားရှိရာ ဇီဝအဝန်းနယ်မြေနှစ်ခုတွင် နေထိုင်သော ဒေသခံတို့၏ လူမှုရေးနှင့်စီးပွားရေးကဏ္ဍများ ရေရှည်တည်တံ့ခိုင်မြဲစေလျက် ထိုဒေသ၏ဂေဟစနစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ဝိုင်းဝန်းထိန်းသိမ်း၍ လူနှင့်သဘာဝ သဟဇာတဖြစ်တည်မှုကို ပေါင်းစည်းပေးခြင်းဖြင့် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တို့၏ ဇီဝအဝန်းနယ်မြေနှစ်ခုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။



အင်းလေးကန် ဇီဝအဝန်းနယ်မြေအတွင်း ကျက်စားကြသည့် ငှက်များကိုတွေ့ရစဉ်။

### အောင်မြင်သောလုပ်ငန်းတစ်ခု

လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ်သည် ယူနက်စကို၏ အောင်မြင်သောလုပ်ငန်းတစ်ခုဖြစ်ပြီး ထိုအစီအစဉ်တွင် ပါဝင်သောနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ ဇီဝအဝန်းနယ်မြေများ ရေရှည်တည်တံ့စေရန်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၏ အတွေ့အကြုံများမျှဝေခြင်း၊ သဘာဝဇီဝအဝန်း နယ်မြေများ ထိန်းသိမ်းထားရှိမှု အသိပညာမျှဝေခြင်း၊ လူသားတို့ သဘာဝနယ်မြေများကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ရေးတို့ကို ဆွေးနွေးလေ့ရှိသည်။

အင်းလေးကန်နှင့် အင်းတော်ကြီးကန်သည် အာရှသာမက ကမ္ဘာကပါစိတ်ဝင်စားသော ခရီးသွားများလေ့လာရာ ဇီဝအဝန်းနယ်မြေများဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသော သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်သည်။ အထူးသဖြင့် အင်းလေးကန်သည် အာဆီယံအမွေအနှစ်ဥယျာဉ်၊ အပြည်ပြည်ဆိုင်ရာ လူသားနှင့်ဇီဝအဝန်းနယ်မြေနှင့် အင်းလေးကန် ရမ်ဆာရေဝပ်ဒေသလည်းဖြစ်သည်။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝအခြေခံများကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူတို့ဟန်ချက်ညီ ပူးပေါင်းပါဝင်ထိန်းသိမ်းမှုသည် အင်းလေးကန် ဇီဝအဝန်းနယ်မြေအတွက် အထူးအရေးပါလျက်ရှိသည်။

### အတူယှဉ်တွဲနေထိုင်နိုင်တဲ့စနစ်

"လူသားနဲ့ဇီဝအဝန်းနယ်မြေဆိုတာ သဘာဝတရားနဲ့လူသားတွေ ညီညီညွတ်ညွတ် မျှမျှတတ အတူယှဉ်တွဲနေထိုင်နိုင်တဲ့စနစ်ကို ကျင့်သုံးတဲ့ဧရိယာကို ဆိုလိုတာပါ။ အင်းလေးကန် ထိန်းသိမ်းဖို့ဆိုရင် သစ်တောဌာနတစ်ခုတည်းမဟုတ်ဘဲ အဲဒီဒေသမှာ နေထိုင်ကြတဲ့ သူတွေသာမက နိုင်ငံသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ရမှာပါ။ အင်းလေးကန်ဟာ ဇီဝမျိုးစုံမျိုးကွဲတွေ၊ ရေနေသတ္တဝါမျိုးစိတ်တွေရှိသလို လူတွေလည်းနေထိုင်ကြတယ်။ လူတွေအနေနဲ့ဇီဝမျိုးစုံ မျိုးကွဲနဲ့ရေသံသရာမျိုးစိတ်စတဲ့ ဂေဟစနစ်တွေ မပျက်စီးအောင်ထိန်းသိမ်းတာဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေတဲ့အတွက် ဒေသခံတို့ရဲ့ လူမှုစီးပွားကိုသာမက နိုင်ငံအတွက်လည်း ခရီးသွားလုပ်ငန်းက ဝင်ငွေရရှိစေတာကြောင့် ဇီဝအဝန်းနယ်မြေကို ကမ္ဘာ့နိုင်ငံတွေက သက်ဆိုင်ရာနိုင်ငံအလိုက် ထိန်းသိမ်းနေကြပါတယ်။ ဇီဝဂေဟစနစ်ဟာ သဘာဝနဲ့လူသားကို အပြန်အလှန်ချိတ်ဆက်နေတာဖြစ်တာကြောင့် မြန်မာနိုင်ငံအတွက်လည်း တန်ဖိုးဖြတ်လို့မရတဲ့ ဇီဝအဝန်းနယ်မြေနှစ်ခုကို ယူနက်စကိုက အသိအမှတ်ပြုထားတာဟာ နိုင်ငံအတွက် ဂုဏ်ယူစရာပါ" ဟု နတ်မတောင် အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောကြားသည်။

### ခရီးသွားလုပ်ငန်းများကို ဆွဲဆောင်လျက်ရှိ

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများကို ဆွဲဆောင်လျက်ရှိသည့် ဇီဝအဝန်းနယ်မြေများ မြန်မာနိုင်ငံတွင် များစွာတည်ရှိလျက်ရှိရာ ဇီဝအဝန်းနယ်မြေအဖြစ် ယူနက်စကိုမှအသိအမှတ်ပြုရန် အင်းလေးကန်နှင့် အင်းတော်ကြီးကန်အတွက် ၂၀၁၃ ခုနှစ်တွင် အဆိုပြုလွှာတင်ခဲ့ရာ အပြည်ပြည်ဆိုင်ရာ ကော်မတီ(ICC)မှ စစ်ဆေး၍ သုံးနှစ်အကြာတွင် ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

### ဇီဝအဝန်းနယ်မြေပေါင်း ၇၂၇ခုရှိ

ယနေ့အထိ ကမ္ဘာ့နိုင်ငံတို့ရှိ နိုင်ငံပေါင်း ၁၃၁ နိုင်ငံတွင် ဇီဝအဝန်းနယ်မြေပေါင်း ၇၂၇ခုရှိပြီး အာရှတွင်ရှိသော နိုင်ငံများလည်း ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် ဇီဝအဝန်းနယ်မြေနှစ်ခုဖြစ်သော အင်းလေးကန်နှင့် အင်းတော်ကြီးကန်တို့ ပါဝင်လျက်ရှိရာ မြန်မာနိုင်ငံနှင့် ထိစပ်နေသော နိုင်ငံဧရိယာအချို့တွင်လည်း ဇီဝအဝန်းနယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံတို့၌ နိုင်ငံနယ်နိမိတ်ချင်းထိစပ်နေသော ဇီဝအဝန်းနယ်မြေ ၂၂ ခုရှိပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို အစဉ်ဆွဲဆောင်လျက်ရှိသော ဇီဝအဝန်းနယ်မြေနှစ်ခုကို ယူနက်စကိုမှ အသိအမှတ်ပြုထားမှုသည် နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ ( သတင်းစဉ် )၊ဓာတ်ပုံ - ကနူး**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ လေးစီးဖြင့်



OxygenPlant ကိုးခု၊ Test Kit ၁၀၅ခုနှင့် လက်အိတ် ရှစ်တန် တင်သွင်းခဲ့ပြီး Oxygen Plant ကိုးခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ လေးခု၊ ချင်းရွှေဟော်မှ ဆင်ပေါင်ဝဲမြို့၊ မင်းတုန်းမြို့၊ သရက်မြို့၊ စလင်းမြို့နှင့် ပွင့်ဖြူမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေး လျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce . gov .mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**


ဦးမင်္ဂလာတင်


ဦးကျော်ဝင်း


ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့် ဝါးစေတီတော်ကြီးတည်ဆောက်နေမှုကို အတွင်းဘက်မှ တွေ့ရစဉ်။

❂ *ကျောဖုံးမှ*

"ဝါးစေတီတော်ကြီးမတည်ခင် ပျဉ်းမနားမှ ပညာ့ပန်းတိုင်က ဆရာကြီးဦးကောင်း၊ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့နဲ့ ဆုံမိကြတဲ့အခါ ဆရာတော်ကြီးကလည်း ထူးထူးခြားခြားအနေနဲ့ ဝါးစေတီတော်ကြီး တည်ထားကိုးကွယ်မယ်လို့ မိန့်ကြားခဲ့ပါတယ်။ ဝါးစေတီတော်ကြီးကို ကမ္ဘာလုံးပုံသဏ္ဌာန်နဲ့ တည်ထားမှာပါ၊ ကျွန်တော်တို့ကျောင်းအကျိုးတော်ဆောင်တွေအနေနဲ့ အလှူငွေတွေကိုလည်း အလေအလွင့်မရှိအောင် စနစ်တကျ စာရင်းကိုင်၊ စာရင်းချုပ်အဆင့်ဆင့်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု တွဲဖက်ကျောင်းအကျိုးတော်ဆောင် ဦးမင်္ဂလာတင်က ပြောသည်။

ဝါးစေတီတော်ကြီးတည်ထားရာတွင် အဓိက ဝါးကောင်းဝါးသန့်နှင့် သက်တမ်းရင့်ဝါးများကို ရွေးချယ်အသုံးပြုရပြီး ရေရှည်တည်တံ့စေရန် အချိန်ယူတည်ထားလျက်ရှိသည်။ ဝါးစေတီတော်ကြီး တည်ရန်အတွက် ဝါးပိုးမျက်ဆန်ကျယ်ဝါးကို အသုံးပြုရန်ရည်ရွယ်ခဲ့သော်လည်း ဝါးအလုံးရေများများမရနိုင်သည့်အတွက် ဝါးပိုးမျက်ဆန်ကျယ်ဝါးအစား တစ်ပင်တိုင်ဝါး ခေါ် ထီးရိုးဝါးကို အသုံးပြုထားခြင်းဖြစ်သည်။

"ဝါးစေတီတော်ကြီးမတည်ခင်က အာရ်စီနဲ့တည်ဖို့လျာထားပြီးသားပါ။ ဆရာတော်ကြီးနဲ့ဆက်သွယ်မိကြတဲ့အခါ ဝါးစေတီတည်ချင်တယ်လို့ ဆရာတော်ကြီးမိန့်ကြားတဲ့အတွက် ဝါးနဲ့စခဲ့ကြတာပါ။ အာရ်စီနဲ့ လုပ်ထားတဲ့ ဖောင်ဒေးရှင်းကို ငုံပြီးတည်ရတဲ့အတွက် လုံးပတ်တော်နဲ့ အမြင့် ပိုပြီးကြီးသွားပါတယ်"ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

"စေတီတော်တည်ရန်အတွက် ဝါးပိုးမျက်ဆန်ကျယ်ဝါးအစား ထီးရိုးဝါးကိုရွေးချယ်အသုံးပြုပါတယ်။ ထီးရိုးဝါးကို သဘာဝပေါက်ရောက်တဲ့ ဝါးမဟုတ်ဘဲ စိုက်ပျိုးထားတဲ့ဝါးခြံတွေဆီကနေ မှာယူရတဲ့အတွက် သုံးနှစ် သက်တမ်းရှိတဲ့ ဝါးရင့် တွေရပါတယ်။ ထီးရိုးဝါးကို ဖောင်ဒေးရှင်းမှာအသုံးပြုပြီး အမိုးကို ကြသောင်းဝါးနဲ့ မိုးမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။

ဝါးစေတီတော်ကြီးသည် သိန်းပေါင်းထောင်ချီပြီးကုန်ကျမည်ဖြစ်၍ ခိုင်ခိုင်ခံ့ခံ့ဖြင့် သပ္ပာယ်ကြည်ညိုနိုင်စေရန် သက်တမ်းရင့်သည့်ဝါးများကို ရှာဖွေကာ ပိုးထိုးမှုမရှိစေရန်နှင့် မှိုတက်မှုမရှိစေရန် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

" ပထမဆုံး ဝါးတွေကို ကောင်းတာရွေးထုတ်ပါတယ်။ ပြီးရင် ရေဆေးမယ်။ ရေဆေးပြီးမှ အပေါက်ဖောက်ပြီး ဝါးကို ဆေးနဲ့ပြုတ်ပါတယ်။ အဲ့ဒီနောက် တာရှည်ခံဆေးသွင်းတာ နေလှန်းတာတွေလုပ်ပြီးမှ တည်ဆောက် ရပါတယ်။ အရင်က တစ်နှစ် နှစ်လနဲ့အပြီးခန့်မှန်းထားပေမယ့် ကိုဗစ်ကာလစည်းကမ်း သတ်မှတ်ချက်တွေနဲ့ လုပ်ကိုင်ရတဲ့အတွက် အချိန်နည်းနည်းကြန့်ကြာသွားနိုင်ပါတယ်" ဟု ဦးကျော်ဝင်းက ဆက်ပြောသည်။

ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့် ဝါးစေတီတော်ကြီး၏ပုံသဏ္ဌာန်မှာ ကမ္ဘာလုံးပေါ်တွင် ဗုဒ္ဓဂယာမဟာဗောဓိပုံတူ စေတီတည်ထားမည်ဖြစ်သည်။ အတွင်းပိုင်းတွင် လိုဏ်ခေါင်းပုံရှိပြီး အတွင်းနံရံများပေါ်၌ ပိဋကတ်သုံးပုံမြန်မာပြန်ဆိုကာ ကပ်လှူထားမည်ဖြစ်သည်။ အခြေခံအုတ်မြစ်မှလွဲ၍ ဝါးသီးသန့်ဖြင့်တည်ထားခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် ဝါးဖြင့်တည်ထားသော ပထမဆုံး ဝါးစေတီတစ်ဆူဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့်ဝါးစေတီတော်ကြီးကို အလှူငွေများလှူဒါန်းလိုပါက ဆေးစိမ်အချောသတ်ပြီး ဝါးတစ်လုံးလျှင် ငွေကျပ် ၁၂၀၀နှုန်းဖြင့် ဖုန်း - ၀၉၇၇၇၇၇၇၂၄၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

## နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၂

**နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ပြုလုပ်သည်။**



အဆိုပါ ချီးမြှင့်ငွေပေးအပ်ပွဲသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်း

**နေပြည်တော် အောက်တိုဘာ ၂၂** ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ နယ်မြေခံတပ်ရင်း၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင် ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွက် စားအုန်းဆီ ၉၈၇၅၃၅၇ပိဿာ၊ တန်ချိန် ၁၆၁၃၆ ဒသမ ၂၁ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❁ *ကျောဖုံးမှ*

ရှစ်ပေမှ ၁၀ ပေခန့်၊ နောက် ၃ ရက်မှ ၁၀ရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်သည်။ **မိုး/ဇလ**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း နေသည်။ **မိုး/ဇလ**

# ဗြိတိန်နိုင်ငံ၌ လက်ရှိ ကိုဗစ်-၁၉ အစီအစဉ်များကို ဆက်လက်ကျင့်သုံးသွားမည်

**လန်ဒန် အောက်တိုဘာ ၂၂**

ဗြိတိန်နိုင်ငံ၌ နေ့စဉ်ကူးစက်မှုမှာ ၅၀၀၀၀ အထိ ရှိလာသော်လည်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးအစီအစဉ်များတွင် လက်ရှိကျင့်သုံးနေသည့် အစီအစဉ်များကိုသာ ဆက်လက်ကျင့်သုံးသွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က ပြောသည်။

ဗြိတိန်နိုင်ငံ၌ အောက်တိုဘာ ၂၁ ရက်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၅၀၀၀၀ အထက်တွင်ရှိပြီး ဇူလိုင်လလယ်မှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၅၀၀၀၀ အထက်တွင် ရှိနေခြင်းဖြစ်သည်။ ကူးစက်မှုများကို တိုက်ဖျက်ရန်အတွက် ပိုမိုပြင်းထန်သည့်တင်းကျပ်မှုများပြုလုပ်ရန် တောင်းဆိုမှုများ ရှိလာသည်။

ယခုလို ကူးစက်မှုအရေအတွက်တိုးလာခြင်းမှာ အစိုးရ၏ ပေါ့ဆမှုကြောင့်ဟု အောက်တိုဘာ ၂၀ ရက်တွင် ဗြိတိန်ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းက စွပ်စွဲပြောဆိုခဲ့သည်။ ကူးစက်မှုပြင်းထန်သည့်နေရာများတွင် ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်ခြင်း အပါအဝင် ကူးစက်မှုကို လျှော့ချနိုင်ရေးအတွက် နောက်ထပ်အရေးယူဆောင်ရွက်မှုမျိုးကို အစိုးရက လုပ်ဆောင်ရန် ပျက်ကွက်သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကမူ ကူးစက်မှုများမှာ များပြားလာသည်မှန်သော်လည်း ကျွမ်းကျင်သူများ ခန့်မှန်းထားသည့်ဘောင်အတွင်း၌သာရှိသည်ဟု အောက်တိုဘာ ၂၁ ရက်က ပြောသည်။

ဇူလိုင်လအတွင်းက ချမှတ်ခဲ့သည့် အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်နေကြောင်း လွန်ခဲ့သည့်တစ်နှစ်ကနှင့် နှိုင်းယှဉ်လျှင် အခြေအနေများတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးပေးနိုင်ခြင်း၏ အကျိုးကျေးဇူးများပင်ဖြစ်သည်ဟု ဘောရစ်ဂျွန်ဆင်က ပြောသည်။


ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

အပိုဆောင်း၍ ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်ကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ အင်္ဂလန်တွင် ကန့်သတ်ချက်များကို အားလုံးနီးပါးဖယ်ရှားပေးပြီးဖြစ်ကာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်သည့် အရေအတွက်မှာလည်း လျော့နည်းလာသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံ၌ နိုင်ငံရပ်ခြားမှ ခရီးသွားများအတွက် အသွားအလာကန့်သတ်စောင့်ကြည့်မှုကို လျှော့ပေါ့ပေးမည်

**ဘန်ကောက် အောက်တိုဘာ ၂၂**

ထိုင်းနိုင်ငံသည် နိုဝင်ဘာ ၁ ရက်မှစတင်ကာ နိုင်ငံနှင့် ဒေသပေါင်း ၆၄ နိုင်ငံမှ ခရီးသွားများကို အသွားအလာစောင့်ကြည့်ကန့်သတ်စရာမလိုဘဲ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုသွားမည်ဟု သိရသည်။

ကိုဗစ်-၁၉ ကူးစက်မှုနည်းပါးသည့်နေရာများဟု သတ်မှတ်ထားသည့် နေရာများမှ လာသောခရီးသွားများအတွက် ခရီးသွားလာမှုဆိုင်ရာ မူဝါဒသစ်ကိုအောက်တိုဘာ ၂၁ ရက်တွင် ထိုင်းအစိုးရက ကြေညာခဲ့သည်။ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်မည့် ခရီးသွားများသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးဖြစ်ရမည့်အပြင် ကိုဗစ်-၁၉ ကင်းစင်ကြောင်း လက်မှတ်လည်း ပါရှိရမည်ဖြစ်သည်။

ထိုင်းအစိုးရသည် ပြီးခဲ့သည့်နှစ် မတ်လအတွင်းမှစတင်ကာ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ပြီး နိုင်ငံခြားခရီးသွားများ ဝင်ရောက်မှုကို တင်းကျပ်ခဲ့သည်။ ခရီးသွားများအနေဖြင့် ဈေးကြီးသည့် ကျန်းမာရေးအစီအစဉ်တွင် ပါဝင်ထားရမည်ဖြစ်ပြီး နှစ်ပတ်ကြာ အသွားအလာစောင့်ကြည့်မှု ခံယူရန်လည်း သတ်မှတ်ခဲ့သည်။


ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်၌ ခရီးသွားများကို တွေ့ရစဉ်။

ဘန်ကောက် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အရာရှိများသည် ကိုဗစ်-၁၉ ဆေးစစ်မှုနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာအဆင့်များကို ချောမွေ့စွာ လုပ်ဆောင်နိုင်ရေး အစမ်းလေ့ကျင့်နေကြပြီဖြစ်သည်။

ထိုင်းနိုင်ငံသည် ခရီးသွားများအတွက်အဓိကဆွဲဆောင်ရာနေရာဖြစ်ပြီး နှစ်စဉ်ခရီးသွား သန်း ၄၀ ခန့် လာရောက်လည်ပတ်ကြသည်။ တိုင်းပြည်အတွင်း ခရီးသွားများအတွက် လမ်းပြန်လည်ဖွင့်လှစ် ပေးလိုက်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း ရှင်သန်ရေးအတွက် ကူညီရာရောက်ရန် မျှော်လင့်ထားသည်။ **အင်န်အိတ်ချ်ကေ**

## ယူဂန္ဓာနိုင်ငံ၌ ပိုလီယိုကာကွယ်ဆေး ၁၁ သန်းလက်ခံရရှိ

**ကမ်ပါလာ အောက်တိုဘာ ၂၂**

ယူဂန္ဓာနိုင်ငံ၌ ရောဂါဖြစ်ပွားသည့်နေရာများတွင် အသုံးပြုရန်အတွက် ပိုလီယိုကာကွယ်ဆေး ၁၁ သန်းကို လက်ခံရရှိခဲ့သည်ဟု အောက်တိုဘာ ၂၁ ရက်က ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### အသုံးပြုသွားမည်

အောက်တိုဘာ ၂၀ ရက်က ပိုလီယိုကာကွယ်ဆေးများ လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး လာမည့်လမှစတင်ကာ အစုလိုက် ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်တွင် အသုံးပြုသွားမည် ဖြစ်သည်။ သန်းနှင့်ချီသည့် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးထိုးနှံပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

### ပိုလီယို ကာကွယ်ဆေးထိုးပေးမည်

အသက် ငါးနှစ်အောက် ကလေးငယ် ၈ ဒသမ ၈ သန်းသို့မဟုတ် တိုင်းပြည်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို ပိုလီယိုကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ တိုင်းပြည်တစ်ဝန်း အိမ်တိုင်ရာရောက်စနစ်ဖြင့် ကာကွယ်ဆေးထိုးလှုပ်ရှားမှုပြုလုပ်သွားမည်ဖြစ်သည်။

ကျေးရွာတိုင်းရှိ ကလေးတိုင်းကလေးတိုင်း ကာကွယ်ဆေးရရှိစေရေးအတွက် အိမ်တိုင်ရာရောက်စနစ်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## ကူဝိတ်လေဆိပ်ကို အင်အားအပြည့်ဖြင့် ပြန်လည်လည်ပတ်တော့မည်

**ကူဝိတ်စီးတီး အောက်တိုဘာ ၂၂**

ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အောက်တိုဘာ ၂၄ ရက်မှ စတင်ကာ အင်အားအပြည့်ဖြင့် ပြန်လည်လည်ပတ်သွားမည်ဟု ကူဝိတ်နိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၂၁ ရက်တွင် ကြေညာခဲ့သည်။

အစိုးရ၏ ဆုံးဖြတ်ချက်နှင့်အညီ လေကြောင်းကုမ္ပဏီများသည် စီးပွားရေးလေကြောင်းလိုင်းပျံသန်းပြေးဆွဲမှုများကို တဖြည်းဖြည်းချင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံလေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ယူဆက်ဖ်အယ်ဖော်ဇန်က ပြောသည်။ ကူဝိတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန်အတွက်လေကြောင်းလိုင်းများနှင့်ခရီးသွားများအားလုံးသည် ကိုဗစ်-၁၉ လုံခြုံစိတ်ချရရေးကန့်သတ်ချက်များကို လိုက်နာရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## တစ်ပတ်တာကာလအတွင်း ထောင်ပေါင်းများစွာသော အာဖဂန်များ အကူအညီများ လက်ခံရရှိ

**ကဘူးလ် အောက်တိုဘာ ၂၂**

အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အတွင်း ထောင်ပေါင်းများစွာသော အာဖဂန်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိခဲ့သည်ဟု ကုလသမဂ္ဂအေဂျင်စီက အောက်တိုဘာ ၂၂ ရက်တွင် ပြောသည်။

အရှေ့မြောက်ပိုင်းရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၂၆၂၅ ဦးမှာ ၎င်းတို့မူရင်းနေထိုင်ရာကျေးရွာများသို့ပြန်လာကြပြီး ဘတ်ဒါတ်ရှန်ပြည်နယ်တွင် အိမ်အသုံးအဆောင်ပစ္စည်းများကို လက်ခံရရှိခဲ့သည်ဟု အာဖဂန်နစ္စတန်ရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ၎င်းတို့ဝက်ဘ်ဆိုက်တွင် သတင်းထုတ်ပြန်သည်။

အရှေ့မြောက်ပိုင်းရှိ နောက်ထပ်နေရပ်ပြန်လာသူ ၆၀၁၃ ဦးမှာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများရရှိခဲ့သည်ဟု သိရသည်။ စုစုပေါင်း ၁၆၄၅၅၆ ဦးမှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ပေးသည့် စားနပ်ရိက္ခာ အကူအညီများကို ရရှိခဲ့ကြသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် အချို့သော ပြည်နယ်များမှ ပြည်သူများမှာလည်း စားနပ်ရိက္ခာများ လက်ခံရရှိခဲ့ကြသည်။

**ဆင်ဟွာ**



စားနပ်ရိက္ခာလာရောက်သယ်ဆောင်ကြသူများကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း သန်း ၇၀ ကျော်ရှိလာ

**ဟန်နွိုင်း အောက်တိုဘာ ၂၂**

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၈၅ ဦးရှိကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ရှစ်ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၃၉၇၇ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၈၁၅၂၂ ဦးအထိရှိလာပြီး ၂၁၅၄၃ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၁၂၀၅ ဦး၊ အနီးအနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၇၁ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၄၁၇ ဦးတို့ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၈၀၃၃၂၆ ဦးရှိလာပြီး နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း သန်း ၇၀ ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။ အောက်တိုဘာ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၇၆၇၈၈ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများတွင် ဗီယက်နမ်မြို့တော် ဟန်နွိုင်းသည် ကိုဗစ်-၁၉ ကူးစက်မှု အနည်းဆုံးဖြစ်ပြီး တောင်ပိုင်းဟိုချီမင်းမြို့သည်အလယ်အလတ်အဆင့်ရှိကြောင်း သိရသည်။

ဆင်ဟွာ



ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကိုတွေ့ရစဉ်။

# အင်ဒိုနီးရှား၌ တတိယအကြိမ်အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၁ ဒသမ ၀၉ သန်းရှိ

**ဂျကာတာ အောက်တိုဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၇၆၀ တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၂၃၈၅၉၄ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၃၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၃၁၅၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၂၃၁ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၈၀၃၅၁ ဦးအထိ ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၆၆ ဒသမ ၃၁ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးပြီ ဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၁၁ ဒသမ ၄၉ သန်း ရှိကြောင်းနှင့် တတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၁ ဒသမ ၀၉ သန်း ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းဖြစ်သည့် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



အင်ဒိုနီးရှားတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ၂၈၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ သေဆုံးသူပေါင်း ၄၁၅၂၀ အထိရှိလာ

**မနီလာ အောက်တိုဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၂၃ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၄၅၈၈၉ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်)က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၂၈၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၄၁၅၂၀ အထိ ရောက်ရှိလာခဲ့သည်။ ဒေသတွင်း ကိုဗစ်- ၁၉ ကူးစက်မှုများ ကျဆင်းလာသော်လည်း လူပေါင်း ၁၃ သန်းကျော် နေထိုင်သော မြို့တော်မနီလာတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု များနေသေးသည့် ထိပ်ဆုံးစာရင်းတွင် ပါဝင်လျက်ရှိသည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုသည် စက်တင်ဘာ ၁၁ ရက်က ၂၆၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၁ သန်း ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၄ သန်းကျော်လွန်

**နယူးဒေလီ အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်တွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်သူ ၁၅၇၈၆ ဦးရှိလာသောကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၁၄၃၂၃၆ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

**လျော့နည်းလာ**

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၃၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၅၃၀၄၂ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၁၇၅၇၄၅ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၃၀၈၆ ဦးအထိ လျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၅၁၄၄၄၉ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏ အနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှဆင်းလာသူ ၁၈၆၄၁ ဦး ရှိသည်။

ဆင်ဟွာ

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူ ၆၈ ဒသမ ၂ ရာခိုင်နှုန်းရှိ

**ဆိုးလ် အောက်တိုဘာ ၂၂**

တောင်ကိုရီးယား နိုင်ငံ၌ အောက်တိုဘာ ၂၁ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၄၄၀ တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူ ၃၄၈၉၆၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုသည် ယခင်ရက်များနှင့် ထူးမခြားနားဖြစ်ကြောင်း သိရသည်။ ဇူလိုင် ၇ ရက်မှ စကာ ကိုဗစ်-၁၉ ကူးစက်သူ ၁၀၀၀ အထက် ရှိခဲ့သည်မှာ ရက်ပေါင်း ၁၀၈ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်မှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုကြောင့် ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၅၁၃ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၅၁၂ ဦးမှာ ချုံဂီပြည်နယ်မှ ဖြစ်ပြီး ၁၂၀ မှာ အင်ချွန်မှဖြစ်သည်။ မြို့တော်မဟုတ်သည့်နေရာ ဒေသများတွင်လည်း ကိုဗစ်- ၁၉ ဆက်လက် ကူးစက်ပြန့်ပွားလျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားသူ ၂၇၅ ဦး သို့မဟုတ် ၁၉ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ ကိုဗစ်-၁၉ ကြောင့် ၁၆ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၂၇၂၅ ဦး အထိ ရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

အပြည့်အဝ နာလန်ထူလာပြီးနောက် သတ်မှတ်စောင့်ကြည့်စင်တာမှ ဆင်းလာသူ ၂၅၆၂ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၃၂၀၃၁၇ ဦးအထိ ရှိလာပြီဖြစ်သည်။ စုစုပေါင်း ပြန်လည်ကျန်းမာလာသူနှုန်းမှာ ၉၁ ဒသမ ၇၉ ရာခိုင်နှုန်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများစတင်ပြုလုပ်ခဲ့ရာ ယခုအချိန်တွင် ၄၀၆၄၄၉၀၃ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၇၉ ဒသမ ၂ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီး ဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၃၅၀၀၃၇၇၈ ဦး သို့မဟုတ် ၆၈ ဒသမ ၂ ရာခိုင်နှုန်း ရှိပြီဖြစ်သည်။

ဆင်ဟွာ



တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံမှာ ဘာကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျင်မြန်စွာ ကျဆင်းခဲ့သလဲ

*ထွန်းကျော်*

**ဒီနှစ်နွေရာသီ ဂျပန်နိုင်ငံရဲ့ ပဉ္စမလှိုင်းဖြစ်နေချိန်မှာ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ မမျှော်မှန်းနိုင်လောက်တဲ့အဆင့်အထိ မြင့်တက်လာခဲ့ပြီး ဩဂုတ်လလယ်မှာ ၂၅၀၀၀ ကျော်လွန်သွားခဲ့ပါတယ်။ သို့သော်လည်း အဲဒီလအကုန်မှာပဲ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ထိုးကျလာခဲ့ပါတယ်။**

### ကူးစက်ဖြစ်ပွားမှု ကျဆင်း

အောက်တိုဘာ ၁၉ ရက်အထိ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ သုံးရက်ဆက်တိုက် ၅၀၀ အောက်လျော့နည်း ကျဆင်းလာခဲ့ပါတယ်။ ကိုဗစ်-၁၉ အဆိုးစွန်ဆုံး ထကြွသောင်းကျန်းချိန်မှ စကာ ဒါဟာ အကြိမ် ၅၀ မြောက် လျော့နည်းလာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အစိုးရက ကိုဗစ်-၁၉ အရေးပေါ်အခြေအနေနဲ့ တခြားကန့်သတ်မှုတွေကို သတ်မှတ်ထားတဲ့ ခရိုင်တွေအားလုံး အတွက် စက်တင်ဘာ ၃၀ ရက်မှာ ရုပ်သိမ်းပေးခဲ့ပါတယ်။




ဂျပန်နိုင်ငံ တိုကျိုမြို့။

### သုံးသပ်ပြောကြား

အခုလိုမျိုး ကိုဗစ်-၁၉ တိုးတက်မှုဖြစ်စဉ်အတွက် တိကျတဲ့အကြောင်းပြချက်တွေကို ဖော်ပြခြင်းမရှိသေးသော်လည်း ခွဲခြမ်းစိတ်ဖြာမှုတွေကိုတော့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ တချို့ ကျွမ်းကျင်သူတွေကတော့ အခုလိုမျိုး သုံးသပ်ပြောကြားထားပါတယ်။

ကူးစက်ရောဂါဆိုင်ရာ အစိုးရအကြံပေးအဖွဲ့ခေါင်းဆောင် အိုမီရှိဂီရူက အရေးပေါ် ကန့်သတ်ဆောင်ရွက်ချက်တွေကို ခပ်မြန်မြန် ရုပ်သိမ်းအဆုံးသတ်လိုက်ရတဲ့ အကြောင်းပြချက်များစွာကို စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

### ပြည်သူတွေရဲ့အပြုအမူပြောင်းလဲ

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အစပျိုး ဖြစ်စေတဲ့ စနေ၊ တနင်္ဂနွေရက်ရှည်တွေနဲ့ အားလပ်ရက်ရှည်တွေ ပြီးဆုံးသွားပြီ ဖြစ်တဲ့အတွက်ကြောင့် လည်းကောင်း၊ ပြည်သူတွေရဲ့ အပြုအမူတွေ ပြောင်းလဲသွားတဲ့အတွက်ကြောင့် လည်းကောင်း၊ ဆေးရုံတွေ မအားမလပ် အောင် ပြည့်ကျပ်အလုပ်ရှုပ်နေပြီး ကိုဗစ်-၁၉ ကူးစက်ခံထားရသူတွေ နေအိမ်မှာပဲ သေဆုံးနေတယ်ဆိုတဲ့ သတင်းတွေကြားပြီးတဲ့နောက် ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးရေးဆောင်ရွက်ချက်တွေကို တင်းတင်းကျပ်ကျပ် လိုက်နာ လုပ်ဆောင်ခဲ့တဲ့အတွက်ကြောင့်လည်းကောင်း၊ လူအနည်းငယ်ပဲ အရေးကြီးကိစ္စကြောင့် အပြင်ထွက်ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုတွေ အရှိန်အဟုန်မြင့် တိုးတက်လာတဲ့ အတွက်ကြောင့် လည်းကောင်း၊ အသက်ကြီးပိုင်းတွေ သာမက အသက်ငယ်သူတွေကြားမှာလည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက် ကျဆင်းလာတဲ့အတွက်ကြောင့် လည်းကောင်း၊ ကိုဗစ်-၁၉ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေတဲ့ မိုးလေဝသအခြေအနေ ပြောင်းလဲသွားတဲ့အတွက်ကြောင့် လည်းကောင်း အခုလိုမျိုး အရေးပေါ် ကန့်သတ် ဆောင်ရွက်ချက်တွေကို ခပ်မြန်မြန် အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

### သိပ္ပံနည်းကျသက်သေမပြနိုင်သေး

ပြည်သူတွေအနေနဲ့ မအေးလွန်းတဲ့ ရာသီဥတု ဖြစ်ပေါ်နေချိန်မှာသာ အပြင်ထွက်ပြီး အချိန်တွေကို ပိုမိုကုန်ဆုံးသင့်ကြောင်း၊ ထိုသို့ လုပ်ဆောင်မယ်ဆိုပါက ကိုဗစ်-၁၉ ပိုမိုကူးစက်ဖြစ်ပွားနိုင်တဲ့ နေရာကျဉ်းကျဉ်းလေးတွေမှာ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုကို ရှောင်ရှားနိုင်မှာဖြစ်ကြောင်း ကူးစက်ရောဂါဆိုင်ရာ အစိုးရအကြံပေးအဖွဲ့ခေါင်းဆောင် အိုမီရှိဂီရူက အကြံပေးထားပါတယ်။

> ❑ ပြည်သူတွေအနေနဲ့ မအေးလွန်းတဲ့ ရာသီဥတု ဖြစ်ပေါ်နေချိန်မှာသာ အပြင်ထွက်ပြီး အချိန်တွေကို ပိုမိုကုန်ဆုံးသင့်ကြောင်း၊ ထိုသို့ လုပ်ဆောင်မယ်ဆိုပါက ကိုဗစ်-၁၉ ပိုမိုကူးစက်ဖြစ်ပွားနိုင်တဲ့ နေရာကျဉ်းကျဉ်းလေးတွေမှာ တစ်ယောက်နဲ့ တစ်ယောက် ထိတွေ့မှုကို ရှောင်ရှားနိုင်မှာဖြစ်ကြောင်း ကူးစက်ရောဂါဆိုင်ရာ အစိုးရအကြံပေးအဖွဲ့ခေါင်းဆောင် အိုမီရှိဂီရူက အကြံပေးထား

ဒီအချက်တွေကိုတော့ သိပ္ပံနည်းကျသက်သေမပြနိုင်သေးပါဘူး။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျင်လျင်မြန်မြန် ကျဆင်းစေမယ့် အချက်တွေကိုတော့ လေ့လာဆန်းစစ်နေတယ်လို့ သူက ပြောပါတယ်။

### ကာကွယ်ဆေးနဲ့ ရာသီဥတုပြောင်းလဲမှု

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာခြင်းဟာ ကိုဗစ်-၁၉ ကာကွယ်ဆေး လျင်မြန်စွာ ဖြန့်ချိနိုင်လို့ ဖြစ်ကြောင်းနဲ့ ရာသီဥတုပြောင်းလဲမှုကလည်း အဓိကအချက်အဖြစ် ပါဝင်နေမယ်လို့ ကျန်းမာရေးဝန်ကြီးဌာန ကျွမ်းကျင်အကြံပေးအဖွဲ့ အဖွဲ့ဝင်ဖြစ်သူ ကျန်းမာရေးနဲ့လူမှုရေး အပြည်ပြည်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခ ဝါဒါကိုဂျီက ပြောပါတယ်။

အပူချိန် မပြင်းထန်သောကြောင့် ပြည်သူတွေ အဲကွန်းနဲ့ အလုံပိတ်အခန်းကျဉ်းတွေမှာသာ ကုန်ဆုံးနေရတဲ့ အချိန်တွေကို လျှော့ချနိုင်ခြင်းကို သူက ရည်ညွှန်းပြောဆိုလိုက်တာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဘာကြောင့် ကျဆင်းရသလဲဆိုတဲ့ အချက်ကို အသေအချာသရုပ်ခွဲဖို့ ခက်ခဲတယ်လို့ ဝါဒါကိုဂျီက ပြောပါတယ်။

### ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်နိုင်

အပူချိန်ကျလာတာနဲ့တစ်ပြိုင်တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုလည်း ပြန်လည်မြင့်တက်လာနိုင်တယ်လို့ သူက သတိပေးထားပါတယ်။ ဆယ်ကျော်သက်နှောင်းပိုင်းနဲ့ အသက် ၂၀ ကျော်အရွယ်တွေမှာ ကိုဗစ်-၁၉ ကူးစက်မှုဖြစ်နိုင်ပါတယ်။ ဒါဘာကြောင့်လဲဆိုရင် ဒီအသက်အရွယ်အုပ်စုမှာရှိတဲ့ လူအနည်းစုဟာ ကာကွယ်ဆေးထိုးခြင်းကြောင့် သော်လည်းကောင်း၊ ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားခြင်းကြောင့် သော်လည်းကောင်း ကိုယ်ခံစွမ်းအားကို ရရှိကြပါတယ်။ အဲဒီနောက်မှာတော့ ဗိုင်းရပ်စ်ဟာ ကာကွယ်ဆေးမထိုးထားတဲ့ အသက်အရွယ် အလယ်အလတ်မှာရှိသူတွေနဲ့ အသက်ကြီးပိုင်းတွေကြားမှာ ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ ကာကွယ်ဆေးထိုးထားတဲ့ အသက်ကြီးသူတွေရဲ့ ပဋိပစ္စည်းအဆင့်လည်း ကျဆင်းနိုင်တယ်လို့ သူက ပြောပါတယ်။

### အောက်တိုဘာလကုန်မှာ ကာကွယ်ဆေးထိုးမယ်

ဆေးဘက်ဆိုင်ရာအခြေအနေအရလည်း ကာကွယ်ဆေးထိုးနှုန်းမြင့်လာခြင်းက ဆေးရုံတွေမှာ လူတွေ ပြည့်လျှံလာခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့သူတွေလည်း အောက်တိုဘာလကုန်မှာ ကာကွယ်ဆေးထိုးခံရတော့မှာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျင်မြန်စွာ ကျဆင်းလာခြင်းရဲ့ နောက်ကွယ်က အချက်အလက်တွေကို နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတဲ့ စာရင်းအတိအကျမသိရဘဲ ကောင်းကောင်းအကဲခတ်နိုင်မှာ မဟုတ်ဘူးလို့ နာဂါဆာဂီတက္ကသိုလ်က ပါမောက္ခ ယာမာမိုတု တာရိုက ပြောပါတယ်။

### ဆောင်းရာသီမှာ ထပ်မံ ကူးစက်ဖြစ်ပွားလာမှုကို ကြိုတင်ပြင်ဆင်

တစ်ချိန်တည်းမှာပဲ ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးခြင်းအားဖြင့် သော်လည်းကောင်း၊ ရောဂါကူးစက်ဖြစ်ပွားခြင်းအားဖြင့် သော်လည်းကောင်း ခုခံစွမ်းအားကို ရရှိနိုင်တယ်လို့ သူက ထောက်ပြပြောဆိုခဲ့ပါတယ်။ နေမကောင်းဖြစ်တာကို သတ်မှတ်တဲ့ ပမာဏအထိ နည်းနည်းခံနိုင်ရည်ရှိလာပြီဆိုရင် ဗိုင်းရပ်စ်ဟာလည်း နေ့စဉ်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်တယ်လို့ သူက ပြောပါတယ်။ လူတွေ၊ လူမှုဆက်ဆံရေးတွေ၊ စီးပွားရေးရှုထောင့်တွေကနေပြီး ခံနိုင်ရည်ရှိမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားဖို့လည်း သူက တိုက်တွန်းလိုက်ပါတယ်။ နောက်ပိုင်းမှာ ဗိုင်းရပ်စ်ဟာ ဗီဇပြောင်းမှုတွေဖြစ်လာပြီး ဒီထက်ပိုပြီး ကူးစက်နိုင်ကြောင်းလည်း သူက ပြောထားပါတယ်။ ကုသရေးနည်းလမ်းတွေနဲ့ ကျန်းမာရေးစနစ် တိုးတက်မှုနည်းလမ်းတွေကို တည်ထောင်ထားဖို့ လိုတယ်လို့လည်း သူက ပြောပါတယ်။ ဆောင်းရာသီမှာ ထပ်မံကူးစက်ဖြစ်ပွားလာမယ့် အရေးကိုလည်း ကြိုတင်ပြင်ဆင်ထားဖို့ ကျိုတိုတက္ကသိုလ်ရဲ့ပါမောက္ခ နီရှိအူရာ ဟီရိုရှိက ပြောပါတယ်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၀ ဒသမ ၂၅၀ သန်း ဖြစ်သည်။ ယနေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၅-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂၆,၂၇၈,၅၁၅,၁၄၂.၅၃ |
| (+) ၁၈-၁၀-၂၀၂၁ မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂၅၀,၀၀၀.၀၀ |
| ၂၂-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂၆,၂၇၈,၇၆၅,၁၄၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၅-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၇,၁၆၂,၃၄၉.၅၃ |
| (+) ၁၈-၁၀-၂၀၂၁ မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၂၂-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၇,၁၆၂,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund)OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**၁၈-၁၀-၂၀၂၁ ရက်နေ့မှ ၂၂-၁၀-၂၀၂၁ရက်နေ့ထိ**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၈-၁၀-၂၀၂၁ | ၂၅၀,၀၀၀ |
| ၁ | ဦးဌေးလွင်(ရန်ကုန်မြို့) | ၁၅၀,၀၀၀ |
| ၂ | ဒေါ်စန်းစန်းဝင်း(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| | | |
| | (၁၈-၁၀-၂၀၂၁ ရက်နေ့မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## အောက်တိုဘာ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂၅ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၂၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၄၉၁ ဦးရှိ**

**(၂၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၈၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂၅) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၁၉) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၀၀,၇၇၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၂,၅၀၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၄၅,၇၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၆) ဦးရှိ**သဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၄၉၁) ဦးရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၂၈)ခု | (၁၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၉)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၇)ခု | (၈)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၁)ခု | (၁၄)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၀)ခု | (၄၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၉၀)ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၀)ခု | (၅၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၂၈၈)ခု | (၇၇၇)ဦး |
| စုစုပေါင်း | (၁၂,၈၆၃)ခု | (၉၂၅)ဦး |

- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှု မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာတွင် www.mohs.gov.mm ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၂

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ ဝမ်ဟေကျေးရွာ မိုင်းယုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိနဂါးနှစ်ကောင်ကျောင်းတိုက်**(ယာပုံ)** ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပုံလို့တောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ သံဃာတော်များနှင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ငွေလှိုင်းဖွေးအေးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငပကျေးရွာရှိ ဆုထူးပန်ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ ဘုရားကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်နှင့် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့ မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းမှူးများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# လားရှိုးမြို့၊ မင်္ဂလာဒုံမြို့နယ်နှင့် ပုသိမ်မြို့တို့ရှိ တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၂** ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့တွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး**(အောက်ဝဲပုံ)** တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၀၀ နှင့် အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၁၆၅ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား လေးဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ကိုးဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၂** ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ထားရှိသော ဆေးတစ်လုံးလျှင် ငါးဦးထိုးနိုင်သည့် Sinopharm ဆေးများကို မြစ်ကြီးနားမြို့သို့ ဆေးအလုံးပေါင်း ၇၁၂၀၊ ကျိုင်းတုံမြို့သို့ ဆေးအလုံးပေါင်း ၇၄၃၂လုံး၊ လားရှိုးမြို့သို့ ဆေးအလုံးပေါင်း ၂၄၂၁၅ လုံး၊ လွိုင်ကော်မြို့သို့ ဆေးအလုံးပေါင်း ၁၈၁၂ လုံး၊ မုံရွာမြို့သို့ ဆေးအလုံးပေါင်း ၈၄၇ လုံး၊ ကလေးမြို့သို့ ၇၁၉၂ လုံး၊ စစ်တွေမြို့သို့ ဆေးအလုံးပေါင်း၂၁၈၅၁ လုံး၊ သံတွဲမြို့သို့ ဆေးအလုံးပေါင်း ၁၄၇၄၃ လုံး၊ မြိတ်မြို့သို့ ဆေးအလုံးပေါင်း ၉၂၄၁ လုံး၊ ထားဝယ်မြို့သို့ ဆေးအလုံးပေါင်း ၇၁၄၄ လုံးနှင့် ကော့သောင်းမြို့သို့ ဆေးအလုံးပေါင်း ၂၃၆၂ လုံးတို့ကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၇ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၉၁ ဦး၊ အမျိုးသမီး ၁၉၆ ဦး စုစုပေါင်း ၄၈၇ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် အောက်တိုဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်(၅၅) နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၄၂၂ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၁၆ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၃၂၇၅၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၄၄၉၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၉၇၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၁၅၉၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၅၅၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၆၄၅၀၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၄၁၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများ စာသင်နှစ် တစ်နှစ်နစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများ ဖွင့်လှစ်စဉ် ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ကျောင်းသား၊ ကျောင်းသူ ၃၅၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၁၄၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၆၄၉၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၄၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၂၈၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၅၈၆၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၇၉၈၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၅၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၂၁၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှု ရာနှုန်းပြည့်နီးပါးပြီးစီး



နေပြည်တော် အောက်တိုဘာ ၂၂

**နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမှု ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။**

ရွှေကြာပင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်စိုးက "ကျွန်တော်တို့ ရွှေကြာပင်ထဲမှာရှိတဲ့ လူဦးရေနဲ့တွက်ရင်တော့ ရာခိုင်နှုန်းပြည့်နီးပါးထိုးပေးပြီးပြီ။ ဒါပေမယ့် ရပ်ဝေးကလာတဲ့ ဧည့်သည်တွေ၊ အလုပ်လာလုပ်ကြတဲ့သူတွေကိုပါ ထိုးပေးတာဆိုတော့ လက်ကျန် နည်းနည်းပဲရှိတော့တယ်။ တချို့ဆိုရင် ကားဝပ်ရှော့တန်းမှာ အလုပ်လာလုပ်ကြတဲ့သူတွေ၊ ဈေးဆိုင်တွေ၊ ဘဏ်တွေမှာ ရပ်ဝေးဒေသကနေ အလုပ်လာလုပ်ကြတဲ့ သူတွေကိုလည်း ကိုဗစ် ကာကွယ်ဆေးထိုးပေးနေတာဆိုတော့ ကိုဗစ်ကာကွယ်ဆေး ထိုးလို့ရရင် ထိုးချင်လို့ဆိုတာမျိုးတွေရှိတော့ ကျွန်တော်တို့လည်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနဲ့ ဆက်သွယ်ပြီး အကုန်ထိုးပေးနိုင်အောင် ကြိုးပမ်းပေးနေပါတယ်" ဟု ပြောသည်။

ထို့ပြင် ၎င်းက "တချို့တွေကတော့ တခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ပထမအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခဲ့ပြီး အခု ဒုတိယအကြိမ်ကို အဲ့ဒီဒေသကို ပြန်သွားပြီး မထိုးနိုင်ကြတဲ့သူတွေရှိတယ်။ သူတို့တွေကလည်း ရပ်ကွက်ရုံးကိုလာပြီး ပြောကြတယ်။ ဒုတိယအကြိမ် ထိုးပေးလို့ရလားပေါ့။ အဲ့လိုလူတွေကိုလည်း ကျွန်တော်တို့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနဲ့ ဆက်သွယ်ပြီးတော့ ကာကွယ်ဆေးထိုးနိုင်အောင် ကူညီဆောင်ရွက်ပေးနေပါတယ်" ဟုလည်း ထပ်မံပြောသည်။

ရွှေကြာပင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာ ၂၂ ရက်အထိ ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးစီးသူ စုစုပေါင်း ၃၅၀၀ ခန့်ရှိပြီး ပထမအကြိမ် ထိုးနှံပြီးစီးသူ စုစုပေါင်း ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်း အိမ်ထောင်စုပေါင်း ၃၀၀၀ ခန့်ရှိပြီး လူဦးရေ ၁၁၀၀၀ ကျော်ရှိကာ ရပ်ကွက်မူရင်း နေထိုင်သူများအပြင် မော်တော်ယာဉ်ပြင် အလုပ်ရုံတန်း၊ ဂေါက်ကွင်းနှင့်ဘဏ်များ ရှိသဖြင့် ရပ်ဝေးမှ အလုပ်လာရောက်လုပ်ကိုင်သူများလည်း အများအပြားရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် ကမမောင်းမြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ လင်းသန့်(ပြန်/ဆက်)



ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ စိုင်းအောင်ဇော်လင်း

## ဗိုလ်တထောင်မြို့နယ်ရှိ ကမ္ဘောဇဘဏ်အား အမျိုးသား ခြောက်ဦး သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၃၀၀၀ ကျော် လုယက်ယူဆောင်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကမ္ဘောဇဘဏ်အား အမျိုးသား ခြောက်ဦး (စိစစ်ဆဲ)က သေနတ်ပြ ခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၃၀၀၀ ကျော် လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ်၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက်၊ ၄၈ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်သို့ အမျိုးသားခြောက်ဦးရောက်ရှိလာပြီး ဘဏ်အတွင်းသို့ဝင်ရောက်ကာ ဘဏ်တံခါးများပိတ်၍ ဘဏ်ဝန်ထမ်းများနှင့် ဘဏ်အတွင်းရှိနေသူများကို သေနတ်ပြ ခြိမ်းခြောက်ကာ ကောင်တာစားပွဲပေါ်ရှိ ငွေကျပ်သိန်း ၃၀၀၀ ကျော် ယူဆောင်၍ ဘဏ်အတွင်းရှိ ငွေလာရောက် အပ်နှံ/ထုတ်ယူသူများ၏ လက်ကိုင်ဖုန်းခြောက်လုံးကို လုယက်ယူဆောင်ပြီး ၁၅ မိနစ်အကြာတွင် ယာဉ်အမှတ် (စိစစ်ဆဲ) Toyota Fielder အဖြူရောင်ယာဉ်ဖြင့် ဘဏ်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဘဏ်လုယက်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အသေးစိတ် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် အသင်းပေါင်း ၃၉ သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ယခုလအတွင်း စတင်ကျင်းပမည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် အသင်းပေါင်း ၃၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု(I)၌ ဗီယက်နမ်၊ တရုတ်(တိုင်ပေ) အသင်းတို့နှင့် ပါဝင်လျက်ရှိသည်။ မြန်မာအသင်းပါဝင်သော အုပ်စု(I)ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက် အထိကျင်းပမည်ဖြစ်သည်။ အုပ်စု (I) ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၇ ရက်တွင် ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)၊ အောက်တိုဘာ ၃၀ ရက်တွင် မြန်မာနှင့်တရုတ်(တိုင်ပေ)၊ နိုဝင်ဘာ ၂ ရက် တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံး လေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲကို အနောက် အာရှဇုန် အုပ်စုခြောက်ခုနှင့် အရှေ့အာရှဇုန် အုပ်စုငါးခုခွဲ၍ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စုများကို အိမ်ရှင်နိုင်ငံများ ရွေးချယ်ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)ကို ကာတာ၊ အုပ်စု (B) နှင့် (G)ကို တာဂျစ်ကစ္စတန်၊ အုပ်စု (C) ကို ဘာရိန်း၊ အုပ်စု (D) ကို ဥဇဘက်ကစ္စတန်၊ အုပ်စု (E) ကို ယူအေအီး၊ အုပ်စု (F) ကို ဂျော်ဒန်၊ အုပ်စု (H) ကို စင်ကာပူ၊ အုပ်စု (I)ကို ကာဂျစ္စတန်၊ အုပ်စု (J) ကို မွန်ဂိုလီးယား၊ အုပ်စု(K)ကို ဂျပန်နိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု (G) နှင့် (I)တွင် ပါဝင်သည့် အသင်းများမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ကြားနိုင်ငံတွင် ကျင်းပရခြင်းဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (I) ပွဲစဉ်များကိုလည်း ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။

**ရဲရင့်လွင်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၂**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာနေ မ ---- (၂၂နှစ်)၊ ရှမ်းပြည်နယ် မူဆယ်မြို့ ၁၀၅မိုင်နေ မ --- (၂၂နှစ်)၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဗားရှင်းကျေးရွာနေ မ --- (၂၃ နှစ်)နှင့် ပဲခူးတိုင်းဒေသကြီး လယ်ဦးကျေးရွာနေ မ --- (၂၁နှစ်)တို့ လေးဦးကို တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရရှိမည်ဟု လိမ်လည်စည်းရုံးခေါ်ဆောင်ပြီး တရုတ်အမျိုးသားနှင့် အမွေထိမ်းမြားလက်ထပ်ရန် စီစဉ်ခဲ့သဖြင့် ချင်းရွှေဟော်နယ်မြေရဲစခန်း (ပ) ၉/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး လောက်ကိုင်မြို့နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် တရားခံ ကျော်ဇင်ထွန်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်၊ အောင်ဖြိုးဆွေ၊ ဝင်းဇော်ဦး၊ ဇော်မင်းနှင့် မိုးမင်းတို့လေးဦးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လွိုင်ကော်မြို့၊ ဘားအံမြို့နှင့် ရွာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

လွိုင်ကော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီတွင် လွိုင်ကော်မြို့ ဇေ(၅၀၀) ရပ်ကွက် လွိုင်ကော်-လောပိတသွား ကားလမ်းတွင် ပြည့်ဖြိုးအောင် မောင်းနှင်ပြီး ဇော်လင်းနိုင်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသည်။ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဇာသပြင်(အရှေ့)ကျေးရွာအုပ်စု ဇာသပြင်(အရှေ့)ကျေးရွာနေ မချိုမြင့်(ခ) အိအောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မင်းဇော်ချစ်(ခ) ကိုချစ်ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၊ အိုက်စ် ၀ ဒသမ ၈၀၁ ကီလို၊ ဘိန်းစာရွက် ၀ဒသမ ၆၅ ကီလိုနှင့် ဘိန်းစာရည် ၆ လီတာကိုလည်းကောင်း၊ ထို့ပြင် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ဒုတ္တိုးရေကျေးရွာအုပ်စု ယုံတောင်ကျေးရွာအနီးတွင် ထွန်းထွန်းဝင်း(ခ)ထွန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ထွန်းထွန်းဝင်း(ခ)ထွန်းဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၀-၂၀၂၁ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရျသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** သာလီစွပါ မြို့ပြမြောက်ဦး
**၀၉:၃၅** ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့အနုသုခုမပြခန်း' (အပိုင်း-၁)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ (သုတစံပြမောင်၊ မယ်ဆု) (ပွဲစဉ်-၅)
**၁၃:၃၀** MRTV National News
**၁၅:၂၀** ရောင်စုံတေးဥယျာဉ်
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'မိုးမင်းကြီး၊ နေမင်းကြီးနှင့်လမင်းကြီး'
**၁၆:၄၅** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
**၁၇:၀၅** ရှုလေမြင်လေ ကမ္ဘာမြေ
**၁၇:၂၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဝေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၃၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'သူရာ...ပါန်'
**၂၁:၂၀** 'နဝရတ်ကိုးသွယ်အငြိမ့်'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:25** Global Partnership for Brighter Future: China Pavilion at Expo 2020 Dubai
**07:32** Great Shwedagon
**08:01** Weekly Review
**08:16** Artist Maung Aye
**08:27** Yin Net Tribe
**08:54** Street Food
**09:01** Myanmar Family Life: Myanmar Snacks
**09:13** Dragon Boats And Traditional Customs In Tanintharyi
**09:40** Ecotourism: Shwebo & Hanlin (Ancient Pyu City)
**10:06** Conflict & Solution Between Man & Elephant
**10:41** Swan Hein Cave
**11:13** Myanmar Childhood Games (Episode-2)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တိမ်ပင်လယ်သို့ခြေဆန့်ခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရုံးပတီသီးနှင့်ကျန်းမာရေး

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဝုဏ်ယူစံထားဘောလုံးသမား ဆလိုင်းလာလ်ကျဲအိုလွယ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အမဲသားလိပ်နှင့်ငရုတ်ကောင်းဆော့စ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လေးရှင်းတောင်မီးပြတိုက်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ထင်ရှူးတန်းကရှိုက်ခံပန်း (အပိုင်း-၂) (ဇာတ်လမ်း)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုဆီသို့

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'မေမေ့ရွေးချယ်မှု'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေးနှင့် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီသုံးခုမှ အိမ်သုံးဆေးဝါး ၅၆ မျိုးကို ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ယနေ့တွင် ၄၇ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၀၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၁၂၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၄၅၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၃၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၈၀ ကျပ် | ၁၄၇၅/၁၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၅/၁၄၈၅ ကျပ် | ၁၄၉၀/၁၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၀/၁၄၇၀ ကျပ် | ၁၄၉၀/၁၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၁၅ ကျပ် | ၁၆၀၀/၁၆၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၇၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၃ . ၅၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၇၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၃၆၀ | ၃၁၆၃၄၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၅၅ | ၅၀၅၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၅ | ၂၉၂၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀ | ၄၆၁၂၄၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၁ | ၅၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့

**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သက်တမ်း ၁၅၄ နှစ်ရှိပြီဖြစ်သော မဟာမင်းလှကျော်ထင် ခေါင်းလောင်းတော်

*မောင်ခိုင်မာ(အထက်မင်းလှ)*

မြန်မာနိုင်ငံတွင် ကမ္ဘာသိရှေးဟောင်းအမွေအနှစ်များစွာ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ရှေးအတိတ်ကာလများကတည်းက ယဉ်ကျေးမှုထွန်းကားခဲ့သောကြောင့် ဖြစ်သည်။ ပြီးခဲ့သောနှစ်ရှစ်သန်းမှ ၁၂ သန်းအတွင်း လူသားမျိုးနွယ်များ မြန်မာနိုင်ငံတွင် ရှိခဲ့သည်ဟူသော သဲလွန်စများကို ပြင်သစ်ရှေးဟောင်းသုတေသနပညာရှင်များနှင့် မြန်မာပညာရှင်တို့ ပူးတွဲဖော်ထုတ်ထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ လူသားမျိုးနွယ်သာမက မြို့ပြအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များသည် အကြောင်းကြောင်းကြောင့် အချို့သော ဂုဏ်ယူဖွယ်ရာ ရှေးဟောင်းအမွေအနှစ် အချို့ တိမ်မြုပ်ခဲ့ရသည်များလည်း ရှိနိုင်ပါသည်။

> ❑ မြို့ဝန်မဟာမင်းလှကျော်ထင်သည် သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၇ ရက်နေ့တွင် ဗိုလ်ချုပ်ရာထူးခန့်ထားခံရပြီးနောက် ၁၂၂၉ ခုနှစ် တော်သလင်းလဆန်း ၁ ရက် ကြာသပတေးနေ့တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ခေါင်းလောင်းတော်နှင့်တကွ ဓာတ်တော်မွေတော် ရုပ်ပွားတော်မြတ်အား လှူဒါန်းသည်ဟု ရေးထိုးထားပါသည်။ ခေါင်းလောင်းစာတွင် အလှူ ပြုပုံ၊ ဆုတောင်းပုံ၊ အမျှဝေပုံတို့ကို အဆင့်လိုက် စနစ်တကျ မှတ်တမ်းတင်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက်(၉)ရပ် အနက် လူမှုရေးဦးတည်ချက်အပိုဒ်ခွဲ(ခ)တွင် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဟူ၍ ဖော်ပြပါရှိပါသည်။ ထို့ကြောင့်လည်း ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ယဉ်ကျေးမှု ရတနာခန်းမ နေပြည်တော်၌ ကျင်းပသည့် "ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ" တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက " မြန်မာနိုင်ငံသည် လူသားမျိုးနွယ်အစ ဖြစ်ထွန်းတည်ရှိခဲ့မှုကို အခိုင်အမာဖော်ပြနိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်း ပရိုင်းမိတ်များတွေ့ရှိရာနေရာများစွာ တွေ့မြင်နိုင်သလို ရှည်လျားလှသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ပေါများလှသည့် နိုင်ငံဖြစ်ကြောင်း ... " "... ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်း အဆောက်အအုံများနှင့်တကွ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထာဝရတည်တံ့စေရန်နှင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အမျိုးသားအဆင့်မှသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်များအဖြစ် ပြဋ္ဌာန်းသတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း..." ထည့်သွင်းပြောကြားခဲ့ပါသည်။

## မြန်မာမှုအနုလက်ရာများ

မြန်မာရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များတွင် မြန်မာမှုအနုလက်ရာများ ပါဝင်သည်။ မြန်မာမှုအနုပညာဆိုင်ရာ အတတ်ပညာများကို ခြုံငုံ၍ ခေါ်ဆိုသော "ဘုရားမတင်၊ ခေါင်းမဆင်၊ လူတွင် ပန်းဆယ်ပွင့်" ဟူသော ဆိုရိုးစကားရှိ၏။ အဆိုပါ ပန်းဆယ်မျိုးမှာ "ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းပွတ်၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတမော့၊ ပန်းယွန်း၊ ပန်းပဲ၊ ပန်းတော့" တို့ ဖြစ်သည်။ ထိုအတတ်ပညာအားလုံးသည် လက်မှုအတတ်ပညာဖြစ်သည်သာမက အနုပညာဂုဏ်မြောက်သော ပညာများလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယင်းအတတ်ပညာတို့နှင့် တစ်ဆက်တစ်စပ်တည်း ကြေးသွန်းအတတ်ပညာများလည်း ထွန်းကားခဲ့သည်။ အိမ်အသုံးအဆောင် ကြေးဖလား၊ ကြေးမုံ၊ ကြေးလင်ပန်းမှအစ ကြေးတူရိယာပစ္စည်းများသည်လည်းကောင်း အထူးပြောင်မြောက်သော အတတ်ပညာများ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကြေးသွန်းအတတ်ပညာကို ပျူခေတ်ကာလကပင် ရှိနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ သရေခေတ္တရာ ပျူတို့သည် ပန်းဆယ်မျိုး အတတ်ပညာကို ကျွမ်းကျင်နိုင်နင်းခဲ့ကြောင်း၊ "သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ဘုရားမာစေတီအနီးရှိ ကုန်းအမှတ်(၈)မှ တူးဖော်တွေ့ရှိရသည့် ဗုဒ္ဓကြေးဆင်းတုတော်၊ သီရိဝစ္ဆပုံပါ ကြေးခေါင်းလောင်း၊ တီးမှုတ်ကခုန်နေဟန် ကြေးရုပ်များနှင့် အရိုးအိုး" တို့က သက်သေခံနေပါသည်။

## ခေါင်းလောင်းသွန်းလုပ်ခြင်း

မြန်မာတို့သည် ခေါင်းလောင်းထိုး၍ အမျှဝေလေ့ရှိသည်။ ခေါင်းလောင်းသွန်းလုပ်ခြင်းကို လွန်ခဲ့သော နှစ်ပေါင်းလေးထောင်လောက်က တရုတ်နိုင်ငံတွင် စတင်သည်ဆို၏။ မြန်မာနိုင်ငံတွင်မူ မှတ်တမ်းများအရ ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ်ထိုး ခေါင်းလောင်းက အစောဆုံးဖြစ်မည်ထင်သည်။ ဒုတိယအစောဆုံးမှာ မော်လမြိုင်မြို့ မြသိန်းတန်စေတီရှိ သက္ကရာဇ် ၈၉၉ ခုနှစ်ထိုး ခေါင်းလောင်းဖြစ်ပြီး ဘုရင့်နောင်ခေါင်းလောင်းသည် တတိယအစောဆုံးဖြစ်ကြောင်း ပညာရှင်များက ဆိုပါသည်။ ကမ္ပည်းရေးထိုးသည့် ခေါင်းလောင်းကိုမူ ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းအနီး ပြိုင်းထောင်ကျေးရွာမှ တွေ့ရှိရသည့် အမြင့်ပေ ၁၁ ဒသမ ၈ စင်တီမီတာရှိသော ကြေးခေါင်းလောင်းဟု ဆိုပါသည်။ ခေါင်းလောင်းစာကို လေ့လာရခြင်းအားဖြင့် ထိုခေတ်ကာလက မြန်မာအက္ခရာ အရေးအသား(မူရင်းအရေးအသား) နှင့် ကြေးသွန်းအတတ်ပညာ (ပန်းတဉ်းမြန်မာမှုအနုပညာ) အဆင့်အတန်းကို ဂုဏ်ယူဖွယ် တွေ့မြင်နိုင်ပါသည်။

မြန်မာ့ကြေးခေါင်းလောင်းများသည် ကမ္ဘာတွင် ထင်ရှားသည်။ ဥပမာအားဖြင့် (၁) သက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် ဗဒုံမင်း သွန်းလုပ်လှူဒါန်းသည့် ကြေးအလေးချိန် ၅၅၅၅၅ ပိဿာ၊ တန်ချိန်အားဖြင့် ၉၀ ဒသမ ၅၂ တန်ရှိ ကမ္ဘာ့ဒုတိယအကြီးဆုံး (ရှေးဟောင်းသုတေသနထုတ် ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ချက်စာရင်းအရ) (Amended List of Ancient Monuments in Burma, Sagaing Divison, Serial .5,P.4) ဖြစ်သည့် "မင်းကွန်းခေါင်းလောင်း "။ (၂) ဗြိတိသျှနယ်ချဲ့တို့ အလွန်မက်မောသဖြင့် သယ်ဆောင်ရန် ကြိုးပမ်းသော်လည်း မအောင်မမြင်ဖြစ်ခဲ့သော သက္ကရာဇ် ၁၁၄၀ ပြည့်နှစ် တပို့တွဲလဆန်း ၁ ရက်နေ့တွင် "စဉ့်ကူးမင်း" သွန်းလုပ်လှူဒါန်းသည့် ကြေးပိဿာချိန် ၁၅၅၅၅ ပိဿာရှိသည့် "မဟာဃဏ္ဍာ" ဘွဲ့အမည် ကမ္ပည်းထိုးထားသည့် "စဉ့်ကူးမင်း" ခေါင်းလောင်းတော်နှင့် (၃) သက္ကရာဇ် ၁၂၀၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် သာယာဝတီမင်း သွန်းလုပ် လှူဒါန်းသည့် အလေးချိန်ကြေးပိဿာ ၂၅၉၄၀ ပိဿာ နှင့် ၄၉ ကျပ်သားရှိသော "မဟာတိသဒ္ဒ ဃဏ္ဍာ" ဘွဲ့အမည်ရ "သာယာဝတီမင်း ခေါင်းလောင်းတော်" တို့ ဖြစ်ပါသည်။

စာရေးသူတို့၏ မြို့မင်းလှ (မကွေးတိုင်းဒေသကြီး) တွင်လည်း အမှတ်(၁) ရပ်ကွက် (မြောက်ရပ်ကွက်) ရှိ မှန်ကျောင်း (ကိုးနဝင်းမဟာစည်ရိပ်သာ) ပရိဝုဏ်အတွင်း၌ မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ်က "မဟာမင်းလှကျော်ထင်" လှူဒါန်းသည့်စာကြောင်းရေ ၁၃ ကြောင်းပါသော သက်တမ်းအားဖြင့် ၁၅၄ နှစ်ရှိပြီဖြစ်သည့် "တူရိ" ဘွဲ့အမည်ရကြေးခေါင်းလောင်းတော်ရှိပါသည်။

## ခေါင်းလောင်းစာ

ခေါင်းလောင်းစာအရ မြို့ဝန်မဟာမင်းလှကျော်ထင်သည် သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၇ ရက်နေ့တွင် ဗိုလ်ချုပ်ရာထူးခန့်ထားခံရပြီးနောက် ၁၂၂၉ ခုနှစ် တော်သလင်းလဆန်း ၁ ရက် ကြာသပတေးနေ့တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ခေါင်းလောင်းတော်နှင့်တကွ ဓာတ်တော်မွေတော် ရုပ်ပွားတော်မြတ်အား လှူဒါန်းသည်ဟု ရေးထိုးထားပါသည်။ ခေါင်းလောင်းစာတွင် အလှူပြုပုံ၊ ဆုတောင်းပုံ၊ အမျှဝေပုံတို့ကို အဆင့်လိုက် စနစ်တကျ မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရသည်။ ခေါင်းလောင်းတော်၏ အတိုင်းအတာမှာ-

| | | |
|---|---|---|
| (၁) | ခေါင်းလောင်း အမြင့် | =၂၄ လက်မခန့် |
| (၂) | ထိပ်ဝအကျယ် ပတ်လည် | =၆၀ လက်မခန့် |
| (၃) | ခေါင်းလောင်းအချင်း | =၁၈ လက်မခန့် |
| (၄) | ကြေးသားအထူ (ဒု) | =၂ လက်မခန့် |
| (၅) | ခေါင်းလောင်းကို ချိတ်ဆွဲထားသည့် ကြေးကွင်း (ပေါင်းကိုင်း) နှင့် ကြေးခြသေ့်ရုပ်၊ တိုးနယားရုပ်တို့၏ အမြင့် | =၁၈ လက်မခန့် |

ရှိပါသည်။ ယခုအခါ ခေါင်းလောင်းအား အချင်းသုံးလက်မရှိသော သံပိုက်တွင် ချိတ်ဆွဲထားပြီး မူလအုတ်တိုင်ကိုငုံ၍ မွမ်းမံထားသော ဘေးအုတ်တိုင်နှစ်တိုင်မှာ တစ်တိုင်လျှင် အမြင့် ခုနစ်ပေခန့်၊ တိုင်လုံးပတ် ၁၉ လက်မပတ်လည် ရှိပါသည်။ ၎င်းတိုင်နှစ်လုံး၏ အကွာအဝေးမှာ လေးပေခန့် ဖြစ်ပါသည်။

ဆရာဟန်ဝင်းအောင် (PIC) ၏ လေ့လာတွေ့ရှိချက်အရ အလှူရှင်မှာ မကွေး၊ မြင်ကွန်း နှစ်မြို့အတွက် အမတ်စာရေးကြီးအဖြစ် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် အမှုထမ်းခဲ့ကြောင်း၊ အမတ်မှတစ်ဆင့် ဝန်ထောက်ဖြစ်လာကြောင်း၊ ရာထူးအမည်အပြည့်အစုံမှာ "မြေတိုင်းဝန်ထောက်မင်း မဟာမင်းလှကျော်ထင်၊ မြင်ကွန်း၊ မကွေး နှစ်မြို့ဝန်" ဖြစ်ကြောင်း၊ မဟာမင်းလှကျော်ထင်၏ အထက်တွင် မကွေးမင်း ဦးကြာဥ၊ မကွေးမင်းကြီး ဦးမောင်ကို၊ ဦးအောင် (မဟာမင်းလှမင်းခေါင်) တို့ရှိကြောင်း၊ မကွေးမင်းကြီး ဦးအောင် ရာထူးကျမှသာ နှစ်မြို့ဝန်အမတ်စာရေးကြီးအဖြစ်မှ ဝန်ထောက်ဖြစ်လာကာ ၁၉၀၇ ခုနှစ်တွင် ကွယ်လွန်ကြောင်း သိရပါသည်။

အလှူရှင် လှူဒါန်းသော "ရွှေသာလျောင်းရုပ်ပွားတော်"မှာ ၁၈ ပေနှင့် ၈ လက်မခန့် အရှည်ရှိပြီး တောင်ဘက်အရပ်သို့ ဦးခေါင်းပြုထားပါသည်။ ဦးခေါင်းတော်အား ထောက်မထားသည့် ရုပ်ပွားတော်၏ လက်ယာလက်တံတောင်မှ ဦးခေါင်းတော်အထိ လေးပေနှင့် နှစ်လက်မခန့် မြင့်ပါသည်။ ဘယ်ဘက်ပခုံးတော်မှ သလွန်ကြမ်းပြင်ထိ လေးပေခန့် မြင့်ပါသည်။ ၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၁၅ ရက် (၁၀-၆-၂၀၀၆) ရက်နေ့က ကမ္ဘာ့သာသနာပြု အပ်ချုပ်မျှင်ဆရာတော်က ရုပ်ပွားတော်အား မွမ်းမံထားကြောင်း မှတ်တမ်းတွေ့ရှိရပါသည်။ အဆိုပါ ရုပ်ပွားတော်မြတ်မှာလည်း ထိုခေတ်ကာလ၏ "ပန်းတော့" အနုပညာလက်ရာမြောက်မှုကို ဖော်ညွှန်းပြသနေပါသည်။

## ထိန်းသိမ်းစောင့်ရှောက်သင့်

မင်းလှခံတပ်မှာ မြန်မာသက္ကရာဇ် ၁၂၂၂-၁၂၂၃ (ခရစ်နှစ် ၁၈၆၀-၁၈၆၁) က စတင်တည်ဆောက်ခဲ့ပြီး ၁၂၂၅ ခုနှစ်တွင် ပြီးစီးခဲ့သည်ဖြစ်ရာ ယခုရုပ်ပွားတော်နှင့် ခေါင်းလောင်းမှာ သမိုင်းဝင် မင်းလှခံတပ် (အင်္ဂလိပ်-မြန်မာတတိယကျူးကျော်စစ်တွင် အသုံးပြုခဲ့)၊ ကြေးနန်းရုံနှင့် စစ်သူကြီးမဟာဗန္ဓုလ အရိုးအိုးစေတီတို့ကို ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသကဲ့သို့ ယခု ခေါင်းလောင်းနှင့် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကိုလည်း မပျက်စီးစေရန် တစ်နည်းနည်းဖြင့် နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**ကိုးကား**

အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ဒုတိယတွဲ၊ ဒုတိယပိုင်း)

# တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရပ်စောက်မြို့နယ် ဦးစီးမှူးရုံးများမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**တောင်ကြီး အောက်တိုဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရပ်စောက်မြို့နယ် ဦးစီးမှူးရုံးများမှ ပန်းခင်းစီမံချက်အရ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရန် ဥပဒေနှင့်အညီ တတ်နိုင်သမျှ ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် တောင်ကြီးမြို့နယ်ရုံးကို လာရောက်ဆောင်ရွက်ရသည့် ကိစ္စတစ်ခုကို အဆင်ပြေချောမွေ့စွာဖြင့် ငွေကြေးကုန်ကျမှုသက်သာပြီး ကိုယ့်ဒေသတွင် လုပ်ငန်းခွင် အလုပ်အကိုင်မပျက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိသည့်အတွက် ဝမ်းသာစရာဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စုနှင့် အောင်သပြေရပ်ကွက်၊ နန်းဟောင်း ကျေးရွာအုပ်စုတို့ကို ပေးအပ်ရာ **(အပေါ်ပုံ)** ကိုယ်စားလှယ်တစ်ဦးစီက လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်က တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စု၊ အေးသာယာရပ်ကွက်တို့ကိုပေးအပ်ရာ ကိုယ်စားလှယ် တစ်ဦးစီကလည်းကောင်း၊ ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု၊ ရေပူကျေးရွာအုပ်စု၊ စံကားကျေးရွာအုပ်စု၊ ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု၊ ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စုနှင့် ဟွေးကျေးရွာအုပ်စုနှင့် ကောင်းဘို့ကျေးရွာအုပ်စုတို့ကို ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ကိုယ်စားလှယ်တစ်ဦးအားလည်းကောင်း ပေးအပ်ကြရာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုအား ဒေသခံများကိုယ်စား ထီဖောင်းကျေးရွာအုပ်စုမှ ဦးခွန်သန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အဆိုပါ တောင်ကြီးခရိုင် တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရပ်စောက်မြို့နယ်များ၏ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အခမ်းအနားတွင် အိမ်ထောင်စု လူဦးရေစာရင်း ၃၁၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၃၀ ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူးမြို့ ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ငွေကျပ် သိန်း ၂၇၀၀ ကျော် ကုန်ကျမည့် ဓာတ်လှေကား တည်ဆောက်လျက်ရှိ

**ပဲခူး အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ပဲခူးမြို့၌ တည်ထားကိုးကွယ်ထားရှိသော ရှေးဟောင်းသမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ပြည်တွင်း ပြည်ပဘုရားဖူးများ အသုံးပြုနိုင်ရေးအတွက် ဓာတ်လှေကား တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်လှေကားတည်ဆောက်ရာတွင် ငွေကျပ် သိန်း ၂၇၀၀ ကျော် ကုန်ကျမည်ဖြစ်ပြီး လူ ၁၂ ဦး အတက်အဆင်းပြုလုပ်နိုင်မည်ဖြစ်ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အနယ်နယ်အရပ်ရပ်ရှိ ရဟန်းရှင်လူ၊ စေတနာရှင် မိဘပြည်သူများ စုပေါင်းလှူဒါန်းမှု၊ အများပေါင်းစုကောင်းမှု ပြုလုပ်ကာ စေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်အနီးတွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ဦးရဲထွန်း ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ၀၅၂-၂၂၀၁၈၃၉၊ ဦးဌေးလှိုင် တိုင်းဒေသကြီးဦးစီးမှူး (သာသနာရေး) ၀၉-၂၅၉၀၁၀၅၁၆၊ ဦးတင်ထွန်း ၀၉-၄၂၅၃၆၁၇၉၀၊ ဦးအေးဝင်း ၀၉-၇၈၄၈၁၆၄၆၀ နှင့် ဦးအောင်သူဟိန်း ၀၉-၉၆၀၀၃၈၆၈၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပဲခူးမြို့တွင် ဓာတ်လှေကားတည်ဆောက် တပ်ဆင်ပြီးသော စေတီတော်များမှာ မြန်မာနိုင်ငံ၌ ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး ဉာဏ်တော်အမြင့် ၃၇၃ ပေရှိသည့် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် ဆံတော်ရှင်စူဠာမဏိ(ရွှေအောင်ရွေး) စေတီတော်မြတ်ကြီးတို့ဖြစ်ပြီး ယခုရှေးဟောင်းသမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီးသည် သုံးဆူမြောက် ဓာတ်လှေကားတည်ဆောက်တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

# မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စွမ်းအားမြင့်မီးဖိုများ အခမဲ့ပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထင်းအစားထိုး အခြားလောင်စာတိုးမြှင့်အသုံးချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး စွမ်းအားမြင့် မီးဖိုများ အခမဲ့ပေးအပ်ခြင်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့နယ်အနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း ပူပြင်းခြောက်သွေ့ မိုးနည်းရပ်ဝန်းဒေသတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်နေပြည်သူများ၏ အခြေခံ သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်သာယာလှပစေရန်နှင့်ရာသီဥတု မျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူ ဖြစ်စေရန်အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သစ်တောသစ်ပင်များ၏ တန်ဖိုးနှင့် အနှစ်သာရကို ဒေသခံပြည်သူများ သိရှိနားလည်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်လာစေပြီး ထင်းအစား စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချသွားစေရန်အတွက် ဇရပ်ကုန်း၊ ရေဝေ၊ ဆပ်ပြာကျင်း၊ တပျော်၊ မုန်တိုင်ကျေးရွာအုပ်စုများ အတွင်းရှိ ကျေးရွာ ၂၀ တွင် လူထုပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပြီး စွမ်းအားမြင့်မီးဖို ၉၉၄ လုံးကို အခမဲ့ဖြန့်ဝေကြောင်း သိရသည်။

ထို့အပြင် ရေရရှိရေးလုပ်ငန်းအနေဖြင့် မြို့နယ်အတွင်းရှိ သောက်သုံးရေ ရှားပါးသည့် ဇရပ်ကုန်းကျေးရွာအုပ်စု ဆူးရစ်တန်းကျေးရွာတွင် ဂါလန် ၂၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန် အလုံး ၁၀၀ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




အောက်တိုဘာ ၂၃ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်၌ အသက်ကြီး၍ ခန္ဓာကိုယ် အင်အားလျော့နည်းနေသော်လည်း အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတပြည့်ဝသော လူကြီးများအပေါ် လူငယ်များက လေးစားသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် "အတွေ့အကြုံ" မျက်နှာဖုံးဇာတ်လမ်း၊ တိုးတက်လာသော ခေတ်နှင့်အညီ သုံးစွဲမှုများပြားလာသော ဖုန်းများကို မိမိတို့နှင့် နီးနီးကပ်ကပ်ထားအိပ်ပါက ရရှိလာမည့် ဆိုးကျိုးအချို့ကို ကလေးတို့လိုက်နာနိုင်ရန် ဗဟုသုတရဖွယ်တင်ဆက်ထားသည့် "ဖုန်းကို မိမိအနားမှာထား၍ အိပ်စက်သင့်ပါသလား" သုတဆောင်းပါး၊ မည်သည့်ကိစ္စမဆို အလွဲလွဲ အချော်ချော် လုပ်တတ်သော ဖိုးဇော်အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "အလွဲများ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် စိတ်ကောင်းထားကာ ပြုစုလုပ်ကိုင်ပေးပါက မိမိတွင်လည်း ကောင်းကျိုးရရှိနိုင်ပုံကို ပညာပေးရေးဖွဲ့ထားသည့် "ရတနာ" ပုံပြင်၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ မိမိပြုလုပ်ခဲ့သည့် ကောင်းကျိုးနှင့်မကောင်းကျိုးတို့၏ အကျိုးဆက်များကို မိမိတို့ကိုယ်တိုင် ခံစားရမည်ဖြစ်ကြောင်းကို ကလေးတို့အတွက် အတုယူဖွယ်တင်ဆက်ထားသည့် "ပန်းပဲဆရာ" ဝတ္ထု၊ အတွေ့အကြုံရင့်ကျက်သော ပညာရှိငါးကြီး၏ ပြောစကားကို လိုက်နာကျင့်သုံး၍ အသက်ဘေးမှ လွတ်ကင်းသွားသော ငါးငယ်များအကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိသော ငါးကြီး" နှစ်မျက်နှာကာတွန်း၊ အလုပ်တစ်ခုခုကို လုပ်ဆောင်ရာ၌ တစ်ခါတစ်ရံတွင် အမှားများနှင့် ကြုံတွေ့ရတတ်ပုံ၊ ထိုကဲ့သို့ ကြုံတွေ့လာပါကလည်း ထိုအမှားမျိုး ထပ်မံမဖြစ်စေရန် ဆင်ခြင်သင့်ပုံနှင့် မိမိအမှားကို အကျိုးရှိစေမည့် အခြားနည်းလမ်းတို့ကို ရှာဖွေလုပ်ဆောင်သင့်ပုံ ရေးဖွဲ့ထားသည့် "အိမ့်နှစ်" နှစ်မျက်နှာကာတွန်း၊ ရေတွက်၍ရသောနာမ်များနှင့် ရေတွက်၍ မရသောနာမ်များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ အပါအဝင် ဉာဏ်စမ်း၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် တင်ဆက်ထားသည်။

**သတင်းစဉ်**

# ခံစစ်မာကျောပြီး တိုက်စစ်ထက်မြက်တဲ့ လီဗာပူးကို အနိုင်ရရှိဖို့ မလွယ်တဲ့ မန်ယူ

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၉) မှာတော့ အမှတ်ပေးဇယားအထက်ပိုင်းမှ အသင်းအချင်းချင်းတွေ့ဆုံနေတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဆင့် (၄) နေရာက ဘရိုက်တန်အသင်းနဲ့ အဆင့် (၃) နေရာက မန်စီးတီး၊ အဆင့် (၆) နေရာက မန်ယူနဲ့ အဆင့် (၂) နေရာက လီဗာပူးအသင်းတို့ ထိပ်တိုက် တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်လိအသင်းက ရလဒ်ဆိုးနဲ့ကြုံတွေ့သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ပရီမီယာလိဂ် ပွဲစဉ် (၉)

| | |
|---|---|
| ၂၃-၁၀-၂၀၂၁ | စနေနေ့ |
| ချယ်ဆီး - နော့ဝှစ်ချ် | ည ၆:၀၀ |
| ပဲလေ့စ် - ကာဆယ် | ည ၈:၃၀ |
| အဲဗာတန် - ဝက်ဖို့ဒ် | ည ၈:၃၀ |
| လိဒ်စ် - ဝုဖ် | ည ၈:၃၀ |
| ဆောက်သမ်တန် - ဘန်လေ | ည ၈:၃၀ |
| ဘရိုက်တန် - မန်စီးတီး | ည ၁၁:၀၀ |
| ၂၄-၁၀-၂၀၂၁ | တနင်္ဂနွေနေ့ |
| ဘရန့်ဖို့ဒ် - လက်စတာ | ည ၇:၃၀ |
| ဝက်စ်ဟမ်း - စပါး | ည ၇:၃၀ |
| မန်ယူ - လီဗာပူး | ည ၁၀:၀၀ |

### ဂိုးအများဆုံး သွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလာ | လီဗာပူး | ၇ |
| ဗာဒီ | လက်စတာ | ၇ |
| အန်တိုနီယို | ဝက်စ်ဟမ်း | ၅ |
| မာနေး | လီဗာပူး | ၅ |

24-10-2021 | Game Week 9 | KO 22:00


Old Trafford

### မန်ယူ၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| မန်ယူ | ၀ - ၁ | ဗီလာ |
| မန်ယူ | ၂ - ၁ | ဗီလာရီးရဲ |
| မန်ယူ | ၁ - ၁ | အဲဗာတန် |
| လက်စတာ | ၄ - ၂ | မန်ယူ |
| မန်ယူ | ၃ - ၂ | အတ္တလန္တာ |

### လီဗာပူး၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဘရန့်ဖို့ဒ် | ၃ - ၃ | လီဗာပူး |
| ပေါ်တို | ၁ - ၅ | လီဗာပူး |
| လီဗာပူး | ၂ - ၂ | မန်စီးတီး |
| ဝက်ဖို့ဒ် | ၀ - ၅ | လီဗာပူး |
| အေတီမက် | ၂ - ၃ | လီဗာပူး |



### မန်ယူနှင့် လီဗာပူးအသင်းတို့ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | | | |
|---|---|---|---|---|---|
| မန်ယူ | ၂ | - ၄ | လီဗာပူး | ပရီမီယာလိဂ် | ၁၄-၀၅-၂၁ |
| မန်ယူ | ၃ | - ၂ | လီဗာပူး | အက်ဖ်အေ | ၂၄-၀၁-၂၁ |

မန်ယူအသင်းအနေနဲ့ နောက်ဆုံးသုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အတ္တလန္တာအသင်းကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာပါ။ ဒါ့အပြင် ယခုနှစ်ရာသီမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲတိုင်းနီးပါးမှာ သွင်းဂိုးတွေ ခွင့်ပြုပေးခဲ့ရတာကြောင့် မန်ယူအသင်းရဲ့ ခံစစ်က အဆိုးရွားဆုံးအခြေအနေမှာ ရှိနေပါတယ်။ ပြိုင်ဘက် လီဗာပူးအသင်းက နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ မန်စီးတီးအသင်းကို သရေကျပြီး ဝက်ဖို့ဒ်၊ အေတီမက်အသင်းတို့ကို အနိုင်ရရှိထားတာကြောင့် ခြေစွမ်းကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ ပရီမီယာလိဂ်မှာ ပွဲစဉ် (၈) အပြီးမှာ လီဗာပူးအသင်းအနေနဲ့ ရဂိုး ၂၂ ဂိုးအထိ ရှိတာကြောင့် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။

## ပရီမီယာလိဂ် သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံး

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးအသင်းက လေးဂိုး-နှစ်ဂိုးနဲ့ မန်ယူအသင်းကို အနိုင်ရရှိထားပါတယ်။ ဒါ့အပြင် လီဗာပူးအသင်းအနေနဲ့ ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ကစားခဲ့တဲ့ ရှစ်ပွဲမှာ ရှုံးပွဲမရှိဘဲ ငါးပွဲနိုင်၊ သုံးပွဲသရေနဲ့ ၁၈ မှတ် ရရှိထားပါတယ်။ ပြိုင်ဘက် မန်ယူအသင်းက ပရီမီယာလိဂ် နောက်ဆုံး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး သရေတစ်ပွဲနဲ့ ရှုံးပွဲနှစ်ပွဲကြုံတွေ့ထားတာပါ။ ဒါကြောင့် ခံစစ်ပိုင်းမာကျောပြီး တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လီဗာပူးအသင်းကို မန်ယူအသင်းအနေနဲ့ အနိုင်ရရှိဖို့ ခက်ပါလိမ့်မယ်။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံး နိုင်ပွဲရရှိရေး အားစိုက်ကစားလာမှာဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိပါတယ်။ ဒါကြောင့် အိမ်ရှင်မန်ယူအသင်း ရှုံးပွဲဆက် သွားမလား ဧည့်သည် လီဗာပူးအသင်း နိုင်ပွဲဆက်သွားမလား ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

23-10-2021 | Game Week 9 | KO 23:00

The American Express Community Stadium

ဒီရာသီမှာ ခြေစွမ်းထက်မြက်နေတဲ့ ဘရိုက်တန်အသင်းအနေနဲ့ ယခုပွဲစဉ်မှာတော့ ဂွါဒီယိုလာရဲ့ မန်စီးတီးကို လက်ခံယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘရိုက်တန်အသင်းဟာ နောက်ဆုံးသုံးပွဲဆက် သရေကျထားတာတွေ့ရတယ်။ ပြိုင်ဘက်မန်စီးတီးအသင်းက ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဘယ်လ်ဂျီယံကလပ် ကလပ်ဘရုဂ်ကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ စုဖွဲ့မှုအားကောင်းပြီး ခံစစ်ပိုင်းမာကျောမှုရှိတဲ့ မန်စီးတီးအသင်းကို ဘရိုက်တန်အသင်းအနေနဲ့ ဟန့်တားနိုင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် ရမှတ်အပြည့်ရရှိရေး ကြိုးစားလာမယ့် မန်စီးတီးအသင်း ခြေစွမ်းထက်နေတဲ့ ဘရိုက်တန်ကို အနိုင်ယူသွားနိုင်မလား...

### ဘရိုက်တန်နှင့် မန်စီးတီးအသင်းတို့ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | | | |
|---|---|---|---|---|---|
| ဘရိုက်တန် | ၃ | - ၂ | မန်စီးတီး | ပရီမီယာလိဂ် | ၁၉-၀၅-၂၁ |
| မန်စီးတီး | ၁ | - ၀ | ဘရိုက်တန် | ပရီမီယာလိဂ် | ၁၄-၀၁-၂၁ |

### ဘရိုက်တန်၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဘရိုက်တန် | ၂ - ၁ | လက်စတာ |
| ဘရိုက်တန် | ၂ - ၀ | ဆွမ်ဆီး |
| ပဲလေ့စ် | ၁ - ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၀ - ၀ | အာဆင်နယ် |
| နော့ဝှစ်ချ် | ၀ - ၀ | ဘရိုက်တန် |

### မန်စီးတီး၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ချယ်ဆီး | ၀ - ၁ | မန်စီးတီး |
| ပီအက်စ်ဂျီ | ၂ - ၀ | မန်စီးတီး |
| လီဗာပူး | ၂ - ၂ | မန်စီးတီး |
| မန်စီးတီး | ၂ - ၀ | ဘန်လေ |
| ဘရုဂ် | ၁ - ၅ | မန်စီးတီး |

# ယူရိုပါလိဂ်မှာ ဂျန့်ခ်ကို အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲနှင့် ရှေ့ဆက်နေတဲ့ ဝက်စ်ဟမ်း

**ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၃) မှ ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းနှင့် ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**

ယခုနှစ်ရာသီတွင် ပုံစံကောင်းရရှိနေသည့် ဝက်စ်ဟမ်းအသင်းသည် ဘိုဝင်၊ ယာမိုလန်ကို၊ ဗလာဆစ်တို့ ဦးဆောင်ကာ ဂျန့်ခ်အသင်းကို ရင်ဆိုင်လာခဲ့ပြီး ဂျန့်ခ်အသင်းက အီတို၊ အွန်အာချူ၊ ဘွန်ဂွန်ဒါတို့ ဦးဆောင်ကာ ဝက်စ်ဟမ်းအသင်းကို ရင်ဆိုင်လာခဲ့သည်။



အမှတ်ပေးဇယား ရပ်တည်မှုအရ ဂျန့်ခ်အသင်းအနေဖြင့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိရန် လိုအပ်နေသော်လည်း အသင်းကစားသမားများ အဆုံးသတ်မသေချာမှုကြောင့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ဂျန့်ခ်အသင်းတို့သည် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စု (H) တွင် ရက်ပစ်ဝီအန်၊ ဒိုင်နမိုဇာဂရက်အသင်းတို့နှင့် အတူ ကျရောက်နေပြီး ပွဲစဉ် (၃) အပြီးတွင် ဝက်စ်ဟမ်းအသင်းက သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ယနေ့ပွဲစဉ်တွင် ဒေးဗစ်မိုယက်စ်၏ အိမ်ရှင် ဝက်စ်ဟမ်းအသင်းသည် ပြိုင်ဘက် ဂျန့်ခ်အသင်းအပေါ် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ခရက်စ်ဝဲလ်၏ ဖန်တီးမှုမှတစ်ဆင့် ဒေါ်ဆင်က သွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန် ၅၇ မိနစ်တွင် ဝက်စ်ဟမ်းအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ခရက်စ်ဝဲလ်၏ ဖန်တီးမှုမှပင် ဒီအော့ပ်က သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် ဒုတိယဂိုးရရှိပြီးနောက် နှစ်မိနစ်အကြာတွင် တတိယဂိုးရရှိခဲ့ပြီး ဘိုဝင်က သွင်းယူပေးနိုင်ခဲ့သည်။

### ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၃) ပွဲပြီးရလဒ်များ

| | | |
|---|---|---|
| ၂၂-၁၀-၂၀၂၁ | | သောကြာနေ့ |
| ဖီနာဘာချီ | ၂-၂ | အန့်ဝပ် |
| လူဒိုဂိုရက်စ် | ၀-၁ | စပို့တင်းဘရာဂါ |
| မစ်ဂျေးလန်း | ၁-၁ | ဘဲလ်ဂရိတ် |
| လာဇီယို | ၀-၀ | မာဆေးလ် |
| ရီးရဲဘက်တစ် | ၁-၁ | လေဗာကူဆင် |
| ရက်ပစ်ဝီအန် | ၂-၁ | ဒိုင်နမိုဇာဂရက် |
| စပါတာပရာ့ဂ် | ၃-၄ | လိုင်ယွန် |
| ရိန်းဂျား | ၂-၀ | ဘရွန်ဘီ |
| ပီအက်စ်ဗွီ | ၁-၂ | မိုနာကို |
| ဂရေ့ဇ် | ၀-၁ | ဆိုစီဒက် |
| နာပိုလီ | ၃-၀ | ဝါဆော |
| ဖရန့်ဖတ် | ၃-၁ | အိုလံပီယာကော့စ် |
| မော်စကို | ၀-၁ | ဂါလာတာစာရေး |

## နောက်ဆုံးရသတင်းတိုများ

- နယူးကာဆယ်အသင်းသည် ပေါ်တိုအသင်းမှ ကိုလံဘီယာတောင်ပံကစားသမား လူးဝစ် ဒီယက်စ် (၂၄နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အဲဗာတန်အသင်းသည် ဇန်နဝါရီတွင် မန်ယူအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဆီလင်ဂတ် (၂၈ နှစ်) ကို ခေါ်ယူလိုနေသည်။
- ဘယ်လ်ဂျီယံတောင်ပံကစားသမား ဟာဇက် (၃၀နှစ်) သည် လာမည့်နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာပြီး အသင်းဟောင်း ချယ်ဆီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိသည်။
- မန်ယူအနေဖြင့် နယ်သာလန် ကစားသမား ဗန်ဒီဘိခ်အတွက် အဲဗာတန်အသင်းဘက်မှ ကမ်းလှမ်းမှုမရရှိခဲ့ကြောင်း ဆိုးလ်ရှား ပြောကြားသည်။

■ မိုးဇက် - စုစည်းသည်

# ၂၀၂၁ ခုနှစ် ဝူဟန်မာရသွန်ပြေးပွဲကို ကိုဗစ်-၁၉အခြေအနေများကြောင့် ရွှေ့ဆိုင်း

၂၀၂၁ ခုနှစ် ဝူဟန်မာရသွန်အားကစားပြိုင်ပွဲကို မူလက အောက်တိုဘာ ၂၄ ရက်တွင်ပြုလုပ်ရန် ရက်သတ်မှတ်ခဲ့သော်လည်း အဆိုပါပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ မာရသွန်ပြိုင်ပွဲ ထပ်မံကျင်းပမည့်ရက်ကို မသိရသေးချေ။ ဝူဟန်မာရသွန်ကော်မတီ၏ ကြေညာချက်အရ မြို့အချို့တွင် ကိုဗစ်-၁၉ ကူးစက်မှုများ တွေ့ရှိလာရသည့်အတွက် ရောဂါကူးစက်ပျံ့နှံ့မှုမှ အကာအကွယ်ပေးရန် မာရသွန်ပြိုင်ပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၂၁ ခုနှစ် ဝူဟန် မာရသွန် အပြေးပြိုင်ပွဲအတွက် စာရင်းပေးသွင်းထားသူများ ဆက်လက်ဝင်ခွင့်ရမည်ဖြစ်ပြီး စာရင်းပေးသွင်းခများကိုလည်း မကြာမီပြန်လည်ပေးချေသွားမည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်။



၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် ဝူဟန်မာရသွန်ပြိုင်ပွဲ။



ကနေဒါ အိုလံပစ် ကော်မတီ စီအီးအို ဒေးဗစ် ရှူးမိတ်ကာ

# ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကနေဒါအားကစားသမားများ ကာကွယ်ဆေးထိုးထားရမည်

၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအားကစားပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကနေဒါ အိုလံပစ်အားကစားသမားများနှင့်မသန်စွမ်းအားကစားသမားများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားရမည်ဟု အောက်တိုဘာ ၂၀ ရက်က ကနေဒါ အိုလံပစ်ကော်မတီက ကြေညာခဲ့ခြင်းဖြစ်သည်။ ဒါရိုက်တာအဖွဲ့၏ ထောက်ခံမှုနှင့် အားကစားကော်မရှင်၏ ထောက်ခံမှုတို့ဖြင့် ယခုလိုဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

